ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပထမအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး
ဆဌမနေ့မှတ်တမ်း

၁၃၇၅ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၉ ရက်

(၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ ၂၄ ရက်)

[သောကြာနေ့]

အချိန်၊ ၁၀း၀၀။

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး ဆဌမနေ့အစီအစဉ်ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် ဦးခင်အောင်မြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးကြည်မင်း၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံး က ဆောင်ရွက်ပါသည်။]

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

အချိန်၊ ၁၀း၀၀။

အခမ်းအနားမှူး။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေးရဲ့ ဆဌမနေ့ အစီအစဉ် စတင်ပါတော့မယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

အခမ်းအနားမှူး။ ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

အချိန်၊ ၁၀း၀၆။

ဥက္ကဋ္ဌ။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ပထမအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန် အစည်းအဝေး ဆဌမနေ့မှာ လွှတ်တော်အခွင့်အရေး ကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၂၀)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၁၆၉)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်း၏ (၇၆.၈၂) ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေ ဟာ အစည်းအဝေးအထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေ ပုဒ်မ ၄၂ နဲ့ နည်းဥပဒေ ၂၀၊ နည်းဥပဒေခွဲ(ခ)တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အမျိုးသား လွှတ်တော်ဆိုင်ရာ နည်းဥပဒေ၂၁၊ နည်းဥပဒေခွဲ(က)နဲ့(ဂ)တို့အရ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်းတင်ပြခြင်း

အချိန်။ ၁၀း၀၆။

ဥက္ကဋ္ဌ။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ခ)အရ ပထမအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေးရဲ့ ဆဋ္ဌမနေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

အချိန်၊ ၁၀း၀၇။

ဥက္ကဋ္ဌ။ ။ ဒီကနေ့ ခွင့်ပန်ကြားတဲ့ လွှတ်တော်ကိုယ်စားလှယ်များစာရင်းကို ဖတ်ကြားတင်ပြပါ့မယ်။

ဒေါက်တာမြင့်ကြည်၊ ရန်ကုန်(၈) ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးမောင်မောင်အေး၊ ဧရာဝတီ(၁၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစိုးဝင်း၊ ဧရာဝတီ(၂)၊ ဒေသဖွံ့ဖြိုးရေး။ ဦးတင်မြ၊ စစ်ကိုင်း(၇) ကျန်းမာရေး။ ဦးစောအုန်း၊ မွန်(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးမင်းလွန်းအောင်၊ မွန်(၃)၊ ဒေသဖွံ့ဖြိုးရေး။ ဦးစောမော်ထွန်း၊ ပဲခူး(၁) ကိုယ်တိုင် ဆောင်ရွက်ရန်။ ဦးသက်နိုင်ဦး၊ ပဲခူး(၆)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးရှုမောင်၊ ရှမ်း(၈)၊ ဒေသဖွံ့ဖြိုးရေး။ ဦးအောင်ငြိမ်း၊ မကွေး(၂)၊ ဒေသဖွံ့ဖြိုးရေး။ ဦးဌေးဝင်း၊ ရခိုင်(၇)၊ ဒေသဖွံ့ဖြိုးရေး။ ဦးလျူကွယ်ရှိ၊ ရှမ်း(၁၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန် တို့ ဖြစ်ပါတယ်။

ယခု တင်ပြခဲ့တဲ့ ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

အချိန်၊ ၁၀း၀၈။

ဥက္ကဋ္ဌ။ ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ပထမအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေမှာ (၂၂၀)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၃၉)ဦး၊ ယနေ့ ခွင့်ပန်ကြား

သဖြင့် ခွင့်ပြုထားသူ(၁၂)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ(၅၁)ဦးဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(၈)၊ နည်းဥပဒေခွဲငယ်(၂)အရ ယခုလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

ဥက္ကဋ္ဌ။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

အချိန်၊ ၁၀း၁၀။

ဥက္ကဋ္ဌ။ ။ အစီအစဉ် (၅) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းတွေကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ထူထောင်ပြီးဖြစ်သော စက်မှုဇုန်များတွင် Infrastructure Facilities များ ပြည့်စုံအောင် ဖြည့်ဆည်းဆောင်ရွက်ပေးရန်နှင့် အသစ်ထူထောင်မည့် သို့မဟုတ် ထူထောင်ဆဲ စက်မှုဇုန်များတွင် Infrastructure Facilities များ ပြည့်ဝစေရန် တာဝန်ယူဆောင်ရွက်သွားရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း

အချိန်၊ ၁၀း၁၀။

ဥက္ကဋ္ဌ။ ။ ယခု ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဒေါက်တာမြတ်ဥာဏစိုးက ထူထောင်ပြီးဖြစ်သော စက်မှုဇုန်များတွင် Infrastructure Facilities များ ပြည့်စုံအောင် ဖြည့်ဆည်းဆောင်ရွက်ပေးရန်နှင့် အသစ်ထူထောင်မည့် သို့မဟုတ် ထူထောင်ဆဲ စက်မှုဇုန်များတွင် Infrastructure Facilities များ ပြည့်ဝစေရန် တာဝန်ယူဆောင်ရွက်သွားရန် အစီအစဉ် ရှိ/မရှိ နဲ့ စပ်လျဉ်းတဲ့ မေးခွန်းမေးမြန်းဖို့ ဖြစ်ပါတယ်။

အချိန်၊ ၁၀း၁၀။

ဒေါက်တာမြတ်ဥာဏစိုး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အားလုံး၊ ဒီနေ့ အစည်းအဝေးကို ကြွရောက်လာတဲ့ ဒုတိယဝန်ကြီးများအားလုံး ကိုယ်စိတ်နှစ်ပါး ကျန်းမာချမ်းသာကြပါစေလို့ ဦးစွာ ဆုတောင်းမေတ္တာ ပို့သအပ်ပါတယ်။

ဥက္ကဋ္ဌကြီး ခင်ဗျား။ ဒီနေ့ မေးမြန်းမယ့်မေးခွန်းကတော့ ထူထောင်ပြီးဖြစ်တဲ့ စက်မှုဇုန်တွေ၊ ထူထောင်ဆဲ၊ နောက်ဆက်လက်ပြီးတော့ ထူထောင်သွားမယ့် စက်မှုဇုန်တွေမှာ Infrastructure Facilities တွေ ပြည့်စုံအောင် ဖြည့်ဆည်း ပေးဖို့အစီအစဉ် ရှိ၊ မရှိ နဲ့ စပ်လျဉ်းတဲ့ မေးခွန်းဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ မြန်မာနိုင်ငံတစ်ဝန်းမှာ စက်မှုဇုန်တွေ အများအပြား ထူထောင်ပြီးတော့ ကုန်ထုတ်လုပ်ငန်းတွေကို ဆောင်ရွက်နေတာ ဖြစ်ပါတယ်။ စက်မှုဇုန်တွေကိုလည်း ဆက်ပြီးတော့ တိုင်းဒေသကြီးနဲ့ ပြည်နယ် အနှံ့အပြားမှာ ပြန်လည်ထူထောင်ဖို့ အစီအစဉ်တွေလည်း ရှိပါတယ်။ ဒီလို ထူထောင်တဲ့နေရာမှာ မကြာခင်ကပဲ ပြဌာန်းခဲ့တဲ့ အထူးစီးပွားရေးဇုန် ဥပဒေနဲ့အညီ ထားဝယ်ရေနက်ဆိပ်ကမ်း၊ ကျောက်ဖြူရေနက်ဆိပ်ကမ်း၊ သီလဝါဆိပ်ကမ်း အစရှိတဲ့ သီလဝါစက်မှုဇုန် အစရှိတဲ့ ဒီလို အထူးစီးပွားရေးဇုန်ကြီးတွေမှာတော့ Infrastructure ပြည့်စုံတာကို တွေ့ရပါတယ်။ စက်မှုဇုန် တစ်ရပ်ရဲ့ အင်္ဂါရပ်နဲ့ ညီညွတ်တဲ့ အခြေခံအဆောက်အဦတွေကိုလည်း ထူထောင်ဖို့ ဒီလိုမျိုးဆောင်ရွက် နေတာမျိုး ရှိပါတယ်။ တည်ထောင်ပြီးသား စက်မှုဇုန်တွေကတော့ အနီးစပ်ဆုံး ဥပမာ ပေးရမယ်ဆိုရင် ကျွန်တော်တို့ ရန်ကုန်စီးပွားရေးမြို့တော်မှာ ထူထောင်ပြီးဖြစ်တဲ့ စက်မှုဇုန်တွေဟာ Infrastructure ပိုင်း ဆိုင်ရာ၊ အခြေခံအဆောက်အဦပိုင်းဆိုင်ရာမှာ တော်တော်လေးကို အားနည်းနေပါတယ်။

လွှတ်တော်ကြီးရဲ့ တာဝန်ပေးချက်အရ ကျွန်တော်ဟာ အလုပ်ရှင် အလုပ်သမားအခွင့်အရေး လေ့လာရေးပူးပေါင်းကော်မရှင် အဖွဲ့ဝင်အနေနဲ့ ဒီစက်ရုံတွေကို ကွင်းဆင်းပြီးတော့ ကြိမ်ဖန်များစွာ လေ့လာခဲ့ရပါတယ်။ အဲဒီအခါမှာ စက်ရုံ၊ အလုပ်ရုံ ပိုင်ရှင်တွေဖက်ကလည်း တင်ပြတာတွေ ရှိပါတယ်။ အထူးအားဖြင့်တော့ (၂၄)နာရီ လျှပ်စစ်မီး မရရှိမှု၊ နောက် ကျွန်တော်တို့ ဒဂုံမြို့သစ်မှာရှိတဲ့ စက်မှုဇုန်တွေ ဆိုရင် လမ်းပန်းဆက်သွယ်ရေး အခြေအနေကအစ တော်တော်ကို မကောင်းပါဘူးခင်ဗျ။ နောက်တစ်ခါ ကျွန်တော်တို့ ရေနုတ်မြောင်းတို့၊ နောက် Waste Product တွေ၊ သူတို့ စက်ရုံတွေကထွက်တဲ့ ဓာတုဗေဒ ပစ္စည်းတွေ၊ နောက်တစ်ခါ စွန့်ပစ်ပစ္စည်းတွေကို ဒါတွေကို သိုလှောင်ဖို့စနစ်လည်း မရှိပါဘူး။ မိမိဘာသာ မိမိပဲ၊ သူတို့အစီအစဉ်နဲ့ သူတို့ပဲ ဆောင်ရွက်နေရပါတယ်။ ဒီ Waste Meteral တွေကို သေချာ Control လုပ်တဲ့၊ ဒါကိုမှ ပြန်ပြီးတော့ အန္တရာယ် မဖြစ်အောင် သန့်စင်တဲ့စနစ်တွေ လုံးဝမရှိတာကို တွေ့ရပါတယ်။ နောက်တစ်ချက် အားနည်းတာကတော့ ရေနဲ့ မိလ္လာစနစ်၊ ဒါတွေလည်း တော်တော်ကို အားနည်းပါတယ်။ စက်ရုံ၊ အလုပ်ရုံတွေမှာ တာဝန်ထမ်းဆောင်နေရတဲ့ လုပ်သားတွေဟာ ဒီရေနဲ့ မိလ္လာစနစ် စနစ်တကျ မရှိတဲ့ အတွက်ကြောင့်မို့လို့ အခက်အခဲတွေ ကြုံတွေ့နေရတာတွေလည်း ကျွန်တော်တို့ မြင်ရပါတယ်။

နောက် အရေးကြီးဆုံး တစ်ချက်ကတော့ သယ်ယူပို့ဆောင်ရေးစနစ်ပါ။ ကျွန်တော်တို့ Ferry ကားတွေဟာ တော်တော်ကို အခြေအနေဆိုးရွားပါတယ်။ ကျွန်တော်တို့ ပြည်ထောင်စုလွှတ်တော်ကြီးမှာ ကျွန်တော်တို့ ပူးပေါင်းကော်မရှင် ကနေပြီးတော့ တင်ပြတဲ့အခါမှာ Power Point နဲ့ တင်ပြခဲ့ပါတယ်။ ပဲခူးစက်မှုဇုန်မှာဆိုရင် ကားတွေဟာ လမ်းပေါ်ကို သွားလို့မရမယ့် အနေအထားနဲ့ကို သွားရတာပါ။ မိုးရွာတဲ့အခါမျိုးဆို တော်တော်ခက်ခဲပါတယ်။ နောက် လုပ်သားအင်အားနဲ့ Ferry နဲ့က မျှတမှုလည်း မရှိပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ ဒီ Ferryတွေ အားလုံးကို ပုဂ္ဂလိကကန်ထရိုက်တွေကပဲ ပေးအပ်ပြီး ဆောင်ရွက်နေပြီးတော့ ဒီစက်ရုံ၊ အလုပ်ရုံတစ်ခုကလည်း ဒီ Ferry ကုမ္ပဏီကိုပဲ အပ်ပြီးတော့ တာဝန် ပေးရတယ်။ နောက်တစ်ခုကလည်း ဒီ Ferry ကုမ္ပဏီကိုပဲ အပ်ပြီး တာဝန်ပေးရတယ်။

အဲဒီအခါမှာ တော်တော်လေးကို သွားရေးလာရေး အခြေအနေလည်း ခက်ခဲတာ အခြေအနေ ရှိပါတယ်။ နောက်တစ်ချက်ကတော့ ကျူးကျော်နေထိုင်မှုတွေပါ။ လှိုင်သာယာစက်မှုဇုန်တွေ ကြားထဲမှာ ကျူးကျော်နေထိုင်သူတွေ ရှိပါတယ်။ ကျူးကျော်နေထိုင်ရုံတင် မကဘဲနဲ့ အဲဒီမှာ စားသောက်ဆိုင်တွေ ဖွင့်ပါတယ်။ နောက်တစ်ခါ ဘာတောင်မှ တွေ့ခဲ့ရသလဲဆိုရင် ကျွန်တော်တို့ တိရစ္ဆာန်တွေ မွေးမြူထား ပါတယ်ခင်ဗျ။ ဝက်တဲတွေ၊ ဘယ်လိုမှ မသင့်တော်ပါဘူး။ ဒီစက်ရုံတွေရဲ့ ဘေးမှာ၊ မြောင်းနှုတ်ခမ်းမှာ တစ်ခါတည်းကို ဝက်တဲကြီးတွေနဲ့ကို နေထိုင်တာမျိုး အဲဒီလိုတွေလည်း တွေ့ရပါတယ်။ အဲဒီတော့ လုံခြုံရေးနဲ့ ကျန်းမာသန့်ရှင်းရေးနဲ့ဆိုင်တဲ့ ဆိုးကျိုးတွေ၊ လူမှုရေးဆိုင်ရာ ဆိုးကျိုးတွေလည်း အများကြီး ဒီနေရာတွေကနေ ပေါ်ပေါက်လာပါတယ် ဥက္ကဋ္ဌကြီးခင်ဗျား။

ကျွန်တော်တို့ဟာ စက်မှုဇုန်တစ်ခု ထူထောင်တယ်ဆိုရင် မြေကွက် အကွက်ချပေးလိုက်ရုံ၊ မြေကွက်ရိုက်ပေးလိုက်ရုံ တစ်ခုတည်းနဲ့ပဲ မလုံလောက်ဘဲနဲ့ ထိုက်သင့်တဲ့ အခြေခံအဆောက်အဦတွေကို ဖြည့်ဆည်းထူထောင်ပေးဖို့ လိုအပ်ပါတယ် ဆိုတာလည်း အထူးတင်ပြစရာ မရှိပါဘူးခင်ဗျာ။

ဒါကြောင့်မို့လို့ လက်ရှိ အခြေအနေမှာတော့ ပွင့်ပွင့်လင်းလင်း တင်ပြရရင် ထူထောင်ပြီးသား စက်မှုဇုန်တွေ၊ အချို့စက်မှုဇုန်တွေကြီးဟာဆိုရင် အနှစ်(၂၀) နီးနီး၊ တချို့တွေဆိုလည်း အနှစ်(၂၀)လောက် ကျွန်တော်တို့ အခြေတကျ ဖြစ်ခဲ့ပါပြီ။ ဒါပေမဲ့ ဒီအချိန်အထိ ခုနကတင်ပြသွားတဲ့ အခြေခံအဆောက်အဦ တွေ ပြည့်စုံ လုံလောက်ခြင်း မရှိသေးပါဘူး။ ထပ်မံပြီးတော့ ထူထောင်မယ့် စက်မှုဇုန်တွေမှာလည်း ဒီလို Infrastructure Facilities တွေကို ပြည့်စုံအောင် ဖြည့်ဆည်းပေးနိုင်ခြင်း ရှိ၊ မရှိ၊ ဘယ်လိုတာဝန်ခံယူ ဆောင်ရွက်သွားမလဲ၊ တာဝန်ခံယူ ဆောင်ရွက်သွားဖို့ အစီအစဉ် မရှိဘူးဆိုရင်လည်း ဘာဖြစ်လို့ တာဝန် ခံယူဆောင်ရွက်ခြင်း မရှိသည်ကို သိရှိလိုပါသဖြင့် အများပြည်သူအကျိုးငှာ အပြုသဘော ဥက္ကဋ္ဌကြီး ထံ မှတစ်ဆင့် လေးလေးစားစား မေးမြန်းအပ်ပါတယ် ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

အချိန်၊ ၁၀း၁၆။

ဥက္ကဋ္ဌ။ ။ မေးခွန်းနဲ့ပတ်သက်ပြီး စက်မှုဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး က ဖြေကြား ပေးဖို့ ဖြစ်ပါတယ်။

ဖြေကြားချက်

အချိန်၊ ၁၀း၁၆။

ဦးမျိုးအောင် (ဒုတိယဝန်ကြီး၊ စက်မှုဝန်ကြီးဌာန)။ ။ လေးစားအပ်ပါတဲ့ အမျိုးသား လွှတ်တော် ဥက္ကဋ္ဌကြီးနဲ့တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ စက်မှုဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးမျိုးအောင် ဖြစ်ပြီးတော့ ယခု အစည်းအဝေးမှာ ရန်ကုန်တိုင်းဒေသကြီး အမှတ်(၄)မဲဆန္ဒနယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါက်တာမြတ်ဥာဏစိုး ရဲ့ ကြယ်ပွင့်ပြ မေးခွန်းနဲ့ စပ်လျဉ်းပြီး စက်မှုဝန်ကြီးဌာနရဲ့ကိုယ်စား ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်ခင်ဗျား။

သဘာဝသယံဇာတ ပေါကြွယ်ဝတဲ့ မြန်မာနိုင်ငံမှာ ထွက်ရှိတဲ့ သယံဇာတ၊ လယ်ယာစိုက်ပျိုး သီးနှံများနဲ့ လူသုံးကုန်ပစ္စည်းများ ထုတ်လုပ်ရာတွင် နေရာ စနစ်တကျ စုစည်းတည်ရှိရေး၊ ပြည်တွင်း ကုန်ကြမ်းသယံဇာတများ ထိရောက်စွာ အသုံးချနိုင်ရေး၊ မြန်မာနိုင်ငံတွင် တိုးပွားလာတဲ့ လူဦးရေနဲ့ အလုပ်အကိုင်များ ဖန်တီးဖော်ထုတ်နိုင်မှု မျှတစေရေး၊ စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုကို အရှိန်အဟုန်

မြင့်တင်ဆောင်ရွက်နိုင်ရေး၊ နေရာအနှံ့တွင် ပြန့်ကျဲတည်ရှိနေသော ပြည်တွင်း စက်မှုလက်မှုလုပ်ငန်းများ စုစုစည်းစည်း ဖြစ်ပေါ်တည်ရှိစေရေး၊ စက်ရုံအချင်းချင်း လွယ်လင့်တကူ ချိတ်ဆက်၍ စုပေါင်းထုတ်လုပ်နိုင်စေရေးအတွက် စီးပွားရေး တိုးတက်ရန် အလားအလာရှိသော ဒေသများတွင် နိုင်ငံတော်မှ လိုအပ်သည်များကို ပံ့ပိုး၍ ၁၉၉၅ ခုနှစ်မှစ၍ စက်မှုဇုန်များကို စတင်တည်ထောင်ခဲ့ပါတယ်။

ထိုသို့ စက်မှုဇုန်များ စတင်တည်ထောင်ရာတွင် လူတစ်ဦးချင်းဝင်ငွေ တိုးတက်မြင့်မားလာရေး၊ မိရိုးဖလာ လက်မှုလယ်ယာစနစ်မှ စက်မှုလယ်ယာစနစ်သို့ ကူးပြောင်းဆောင်ရွက်နိုင်ရေးအတွက် စက်မှုကဏ္ဍ၊ ဝန်ဆောင်မှုကဏ္ဍ၊ လယ်ယာကဏ္ဍ စသည့်ကဏ္ဍအသီးသီး၌ နှစ်အလိုက် တိုးတက်မှုရရှိစေရေးကို ရည်ရွယ်၍ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ခြင်း ဖြစ်ပြီးတော့ ယခုအခါ တည်ထောင်ပြီး စက်မှုဇုန် (၁၉)ဇုန်နဲ့ တည်ထောင်ဆဲ စက်မှုဇုန်(၆)ဇုန်တို့ ရှိပါတယ်။

အဆိုပါ စက်မှုဇုန်များအား စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီ (ယခင်မြန်မာ့စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီနဲ့ မြန်မာ့စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီ) က နိုင်ငံတော်အစိုးရရဲ့ လမ်းညွှန်ချက်များနဲ့အညီ အကောင်အထည်ဖော်ခဲ့ခြင်း ဖြစ်ပါတယ်။ တည်ထောင်ပြီး စက်မှုဇုန်များ၌ အခြေခံအဆောက်အဦ၊ ရေ၊ မီး၊ မြေ၊ လမ်းပန်းဆက်သွယ်ရေး၊ ကုန်ကြမ်းရရှိမှု၊ စျေးကွက်နဲ့ စီးပွားရေးဖွံ့ဖြိုးမှုအလားအလာ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး စတဲ့ အခြေခံလိုအပ်ချက်များကို နိုင်ငံတော်အနေနဲ့ တတ်နိုင်သမျှ ဖြည့်ဆည်းဆောင်ရွက် ပေးလျက်ရှိပါတယ်။ ယခင်က စက်မှုဇုန်များ၌ အနီးကပ်ကြီးကြပ်ဆောင်ရွက်နိုင်ရန် ဒေသဆိုင်ရာ အာဏာပိုင်များနဲ့ စက်မှုလုပ်ငန်းရှင်များ ပူးပေါင်းပါဝင်သော စက်မှုဇုန်ကြီးကြပ်ရေးကော်မတီများ ဖွဲ့စည်းလုပ်ကိုင်ဆောင်ရွက်စေခဲ့ပါတယ်။

ယခုအခါမှာ စက်မှုဇုန်ကြီးကြပ်ရေးကော်မတီကို တိုင်းဒေသကြီး/ပြည်နယ်ဝန်ကြီးချုပ်များက နာယက အဖြစ် စီမံဆောင်ရွက်၍ လျှပ်စစ်နဲ့ စက်မှု လက်မှုဝန်ကြီးများက ဥက္ကဋ္ဌ အဖြစ်လည်းကောင်း၊ တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့ဝင် ဝန်ကြီးများက ဒုတိယဥက္ကဋ္ဌ အဖြစ်လည်းကောင်း၊ တိုင်းဒေသကြီး/ပြည်နယ်များရှိ ဌာနဆိုင်ရာအကြီးအကဲများ၊ ဦးစီးမှူးများက အဖွဲ့ဝင်များအဖြစ်လည်းကောင်း၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက အတွင်းရေးမှူးအဖြစ် လည်းကောင်း၊ စက်မှုဝန်ကြီးဌာန စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနက တွဲဖက်အတွင်းရေးမှူး အဖြစ်လည်းကောင်း ပါဝင်ဖွဲ့စည်းထားပြီး ထူထောင်ပြီး စက်မှုဇုန်များကို အနီးကပ် ကြီးကြပ်၍ Infrastructure Facilities များ ဖြည့်ဆည်းဆောင်ရွက်နိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက် ရှိတဲ့အပြင် တည်ထောင်ပြီး အခြေခံအဆောက်အဦများ ရေရှည်တည်တံ့ရေး အတွက်လည်း ထိန်းသိမ်းဆောင်ရွက်လျက်ရှိပါတယ်။

စက်မှုဇုန်များရဲ့ အခြေခံအဆောက်အဦ လိုအပ်ချက်များကို နိုင်ငံတော်မှ တတ်နိုင်သမျှ ဖြည့်ဆည်း ဆောင်ရွက်လျက်ရှိသော်လည်း မိမိတို့နိုင်ငံဟာ ဖွံ့ဖြိုးဆဲနိုင်ငံတစ်ခု ဖြစ်တဲ့အတွက်ကြောင့် အရင်းအနှီး များလွန်းသည့် အခြေခံ အဆောက်အဦ တည်ဆောက်ရေးလုပ်ငန်းများကို အချိန်တိုအတွင်း အရင်းကြေကာလ မျှော်မှန်း၍ ရင်းနှီးမြှုပ်နှံသွားရန် အခက်အခဲရှိမှာ ဖြစ်ပါတယ်။ ဒါကြောင့် စက်မှုဇုန်များမှာ အခြေခံအဆောက်အဦ လိုအပ်ချက် ဖြည့်ဆည်းဆောင်ရွက်ပေးရန် နိုင်ငံတော်အစိုးရသာမက ပုဂ္ဂလိက အဖွဲ့အစည်းများကပါ ပါဝင်ဆောင်ရွက်သွားရန် လိုအပ်ပါတယ်။

စက်မှုဇုန်များ၌ တယ်လီဖုန်း ဆက်သွယ်ရေးလုပ်ငန်း၊ လျှပ်စစ်ထုတ်လုပ်မှုလုပ်ငန်း၊ အင်တာနက်ဝန်ဆောင်မှုလုပ်ငန်း စသည့်လုပ်ငန်းများအား ပုဂ္ဂလိကမှ ပူးပေါင်းပါဝင် လုပ်ကိုင်ပါက ပိုမိုထိရောက်မှု

ရှိလာမှာ ဖြစ်ပါတယ်။ စက်မှုဇုန်များ ထူထောင်ခဲ့သည်မှာ ကြာမြင့်ပြီဖြစ်သော်လည်း စက်မှုလုပ်ငန်းများ ကိုယ်တိုင်ရပ်တည် လုပ်ကိုင်ဆောင်ရွက်နိုင်တဲ့ အဆင့်သို့ရောက်ရှိဖို့ စက်ကိရိယာ အဆင့်မြှင့်တင်မှု၊ နည်းပညာကျွမ်းကျင်မှုနဲ့ ဖြည့်ဆည်းနိုင်ရေးအတွက် ပြည်တွင်းပြည်ပမှ ရင်းနှီးမြှုပ်နှံသူများ ဖိတ်ခေါ်၍ လည်း ဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

အချိန်၊ ၁၀း၂၀။

ဥက္ကဋ္ဌ။ ။ ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ်နှစ်ဦး က မေးမြန်းတဲ့ မေးခွန်းတွေဟာ ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး တစ်ဦးတည်း က ဖြေကြားရမယ့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဒုတိယ ဝန်ကြီးက တစ်ခုချင်း ဖြေကြားဖို့ ဖြစ်ပါတယ်။

ရေလုပ်သားများ ခိုင်လုံသော အကြောင်းပြချက် မရှိဘဲ မကြာခဏသေဆုံး၊ ပျောက်ဆုံးမှုများရှိနေသည့် အတွက် စုံစမ်းစစ်ဆေးဖော်ထုတ် အရေးယူပေးနိုင်ပါရန်နှင့် စပ်လျဉ်းသည့် မေးခွန်း

အချိန်၊ ၁၀း၂၀။

ဥက္ကဋ္ဌ။ ။ ပထမဦးစွာ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဦးမှတ်ကြီး (အတွင်းရေးမှူး၊ ပြည်သူတို့၏ တိုင်ကြားစာဆိုင်ရာကော်မတီ) က ရေလုပ်သားများ ခိုင်လုံသော အကြောင်းပြချက်မရှိဘဲ မကြာခဏ သေဆုံး၊ ပျောက်ဆုံးမှုများ ရှိနေသည့်အတွက် စုံစမ်းစစ်ဆေးဖော်ထုတ် အရေးယူပေးနိုင်ပါရန် နှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

အချိန်၊ ၁၀း၂၁။

ဦးမှတ်ကြီး (အတွင်းရေးမှူး၊ ပြည်သူတို့၏ တိုင်ကြားစာဆိုင်ရာကော်မတီ။ ။ လေးစား အပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၊ ပြည်ထောင်စုအဆင့် ဒုတိယဝန်ကြီးများ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉) အတွင်းရေးမှူး၊ ပြည်သူတို့၏ တိုင်ကြားစာဆိုင်ရာကော်မတီမှ ဦးမှတ်ကြီး ဖြစ်ပါတယ်။ ဧရာဝတီတိုင်းဒေသကြီး၊ ဖျာပုံမြို့နယ်၊ အမာမြို့နယ်(ခွဲ)၊ ဒေါ်ညိမ်းကျေးရွာမှ ဒေါ်မြင့်လွင် (၁၄/ဖပန(နိုင်)၀၅၄၁၁၇) အား ပြည်သူတို့၏ တိုင်ကြားစာဆိုင်ရာကော်မတီသို့ ရေလုပ်သားများ ခိုင်လုံသော အကြောင်းပြချက် မရှိဘဲ မကြာခဏ သေဆုံး၊ ပျောက်ဆုံးမှုများ ရှိနေတဲ့အတွက် စုံစမ်းစစ်ဆေးဖော်ထုတ် အရေးယူပေးနိုင်ပါရန် တင်ပြ အကူအညီ တောင်းခံခြင်းကိစ္စကို ၈-၄-၂၀၁၃ ရက်နေ့မှာ တင်ပြလာပါတယ်။

တင်ပြတဲ့အကြောင်းအရာ အကျဉ်းချုပ်ကတော့ တိုင်ကြားသူ ဒေါ်မြင့်လွင် ရဲ့ ခင်ပွန်းဖြစ်သူ ဦးစံမြင့် အား ၂၁-၉-၂၀၁၂ ရက်နေ့မှာ ရုံအမည် စိန်မင်းထက်၊ အလုပ်ရုံပိုင်ရှင် ဦးတင်ထွန်း ရဲ့ စေခိုင်းချက်အရ ခါးပြတ်ကျေးရွာ ပင်လယ်ပြင် ကမ်းဝေးမိုင်ရေအနက် ၃၅-၄၀ မိုင်အထက်ရေအနက်သို့ ငါးဖမ်းတဲ့ အင်္ဂလန် ကျားဖောင်ဖြင့် တစ်ဖောင်ဦးစီး ကိုကျော်လေး၊ နောက်လိုက် ကိုသံချောင်း တို့နဲ့ အတူ အလုပ်လုပ်ခဲ့ကြောင်း ၂၄-၁၀-၂၀၁၂ မှာ ဦးစံမြင့် ပျောက်ဆုံး သွားတယ်လို့ အိမ်နီးနားချင်းများ ပြောပြလို့ သိရှိရပါကြောင်း၊ တင်ပြသူရဲ့ ခင်ပွန်း ပျောက်ဆုံးမှုနဲ့ ပတ်သက်ပြီးတော့ အလုပ်ရုံပိုင်ရှင် ဦးတင်ထွန်း အား သွားရောက် မေးမြန်းရာ ဦးစံမြင့် သည် ဝါးပိုးတစ်လုံးနဲ့ ပျောက်ဆုံးသွားတယ်လို့ ပြောဆိုခဲ့ပါတယ်။ ပင်လယ်ပြင်မှာ အင်္ဂလန်ကျားဖောင်များနဲ့ ဝိုင်းထားသဖြင့် ဝါးပိုးတစ်လုံးဖြင့် ထွက်ရန်မဖြစ်နိုင်ပါကြောင်း၊

ပင်လယ်ပြင်မှာလည်း သူရဲ့ခင်ပွန်း ဟာ လုပ်သက်(၁၀)နှစ် ရှိပြီဖြစ်၍ လှိုင်းမူး၍ ပြုတ်ကျသည်မှာလည်း မဖြစ်နိုင်ပါကြောင်းနှင့် ပင်လယ်ပြင်မှာ အရက်သောက်ခွင့်၊ ယူခွင့်မရှိတဲ့အတွက် ဒီဟာ မဖြစ်နိုင်ပါ ကြောင်း တင်ပြလာပါတယ်။ တင်ပြသူမှာ အလုပ်ရှင်ရဲ့ပြောကြားချက်ကို မကျေနပ်တဲ့ အတွက်ကြောင့် ၂၆-၁၀-၂၀၁၂ ရက်နေ့မှာ ဒေါ်ညိမ်းကျေးရွာ ရဲကင်းကို ဦးစံမြင့် ပျောက်ဆုံးသွားကြောင်းတိုင်ကြားရာမှာ တာဝန်ရှိသူရဲက အလုပ်ရှင် ဦးတင်ထွန်း တိုင်ကြားခြင်း မရှိတဲ့အတွက် ကာယကံရှင်မှ တိုင်၍မရကြောင်း ပြောကြားလာ ပါတယ်။

နောက်တစ်ရက် ၂၇-၁၀-၂၀၁၂ ရက်နေ့မှာ ထပ်မံတိုင်ကြားသော်လည်းပဲ ဆောင်ရွက်ပေးခြင်း မရှိကြောင်း တင်ပြလာပါတယ်။ အဲဒါနဲ့ ခါးပြတ်ကျေးရွာ ရေလုပ်ငန်းရှင်များရုံးကို ၂၈-၁၀-၂၀၁၂ ရက်နေ့ မှာ သွားရောက် တိုင်ကြားခဲ့တဲ့အခါမှာ လုပ်ငန်းရှင်ဖြစ်တဲ့ ဦးတင်ထွန်း ဟာ ကိုစံမြင့် ကို (၅)လပြည့်လို့ ရှာမတွေ့ရင် လျော်ကြေးပေးမယ်။ ဒါပေမယ့်လည်း သနားတဲ့အားဖြင့် (၂)လပြည့်ရင်တော့ လျော်ကြေး ပေးမယ်၊ ငွေလာယူပါ ပြန်တော့ဆိုပြီးတော့ ဒီလို ပြောဆိုခဲ့တာကို ကျွန်တော်တို့ကို တင်ပြထားပါတယ်။

တိုင်ကြားသူကနေပြီးတော့ အမှုမှန် ပေါ်ချင်တဲ့အတွက်ကြောင့်မို့လို့ ၂၉-၁၀-၂၀၁၂ ရက်နေ့ မှာ ဆက်လက်ပြီးတော့ တိုင်ကြားတဲ့အခါမှာ ဒေါ်ညိမ်းကျေးရွာ ရဲကင်းမှ လာရောက်ခေါ်တဲ့အပြင် စခန်းမှူး ဦးသန်းလှိုင် ကို သွားရောက်တွေ့ဆုံခဲ့ပါတယ်။ သေဆုံးသူ သို့မဟုတ် ပျောက်ဆုံးသူ ဦးစံမြင့် နဲ့ အတူ ပါသွားတဲ့ ကိုကျော်လေး ကို စစ်ဆေးမေးမြန်းရာမှာလည်း စစ်ဆေးမေးမြန်းတာနဲ့ မတူဘဲနဲ့ စခန်းမှူးက နိမိတ်ပြမေးခွန်းများနဲ့ မေးသွားတာကို တွေ့ရှိရကြောင်း၊ ၉-၁၁-၂၀၁၂ ရက်နေ့မှာ အမာ မြို့နယ်(ခွဲ) စခန်းမှူး ဦးသန်းလှိုင် က အလုပ်ရှင် ဦးတင်ထွန်း၊ သူမ၏ ခင်ပွန်းနဲ့အတူ လိုက်ပါသွားတဲ့ ကိုကျော်လေး၊ ကိုသံချောင်း တို့ကို ထပ်မံ မေးမြန်းခဲ့ကြောင်း၊ လျော်ကြေးသာရပြီးတော့ သူဌေးတွေကို အမှုဖွင့်၍မရကြောင်း ပြောကြားခဲ့ပါတယ်။

တင်ပြသူရဲ့ခင်ပွန်း သေဆုံးရတဲ့အတွက် နစ်နာကြေး ရရှိခံစားနိုင်ရန် အတွက် ၂၀-၁၂-၂၀၁၂ ရက်နေ့မှာ အလုပ်သမားဝန်ကြီးဌာနကို တင်ပြခဲ့ပါတယ်။ ၆-၂-၂၀၁၃ ရက်နေ့မှာ ဖျာပုံမြို့နယ်၊ လေဘာ ဦးစီးရုံးက ဦးစီးမှူး ဆင့်ခေါ်သဖြင့် သွားရောက်ခဲ့ရာ ဦးစီးမှူးက မေးမြန်းခြင်းမရှိဘဲနဲ့ တစ်ဖက်က အလုပ်ရှင် ဦးတင်ထွန်း နဲ့ သမက်တော်သူ ဦးထွန်းထွန်း နဲ့ အပေါင်းအပါ(၅)ဦးတို့က အမှုစစ်သလို ခြောက်လိုက်၊ ခြိမ်းလိုက်ဖြင့်၊ ချော့လိုက်၊ ခြောက်လိုက်ဖြင့် မေးမြန်းခဲ့ကြောင်း၊ ဦးစီးမှူးက သူမရဲ့ ခင်ပွန်း သေဆုံးသည်ဖြစ်စေ၊ ပျောက်ဆုံးသည်ဖြစ်စေ လျော်ကြေး ခြောက်သိန်းရမည်ဖြစ်ကြောင်းနဲ့ ကြိုတင်ယူငွေ နှစ်သိန်း နဲ့ ပင်လယ် ထဲမှာ အစားအစာနဲ့ဆေးဝါး စားသောက်မှုအတွက် ကျပ်သုံးသောင်း ဖြစ်တဲ့အတွက် ကြောင့်မို့လို့ လျော်ကြေးငွေ သုံးသိန်း ခုနစ်သောင်းကို လက်မှတ်ထိုးယူရန် ခြိမ်းခြောက်ပြောဆိုခဲ့ကြောင်း၊ နင် ဒီပိုက်ဆံကို လက်မှတ်ထိုးပြီးယူရင် ပိုင်ရှင်ကို အမှုဖွင့်၍ မရကြောင်း၊ ကျွန်နှစ်ယောက်ကိုတော့ ဖျာပုံရုံးတွင် ကိုယ့်ဘာသာကိုယ် ဖွင့်ရမယ်လို့ပြောပြီးတော့ ကျေအေးကြောင်း အမှုမဖွင့်ဘူးဆိုတဲ့ လက်မှတ် ထိုးပေးရမယ် ဆိုတာကို ပြောခဲ့ပါတယ်။ တင်ပြသူ၏ခင်ပွန်း ဦးစံမြင့် ပင်လယ်မထွက်ခင်မှာ ဖောင်ဦးစီး ကိုကျော်လေး နဲ့ စကားများခဲ့ကြောင်း ခင်ပွန်းထံမှ သိရှိခဲ့ရပါတယ်။

ယခု အဖြစ်အပျက်သည် သူမ၏ခင်ပွန်းသည် လုပ်ကြံသတ်ဖြတ်ခံရတယ်လို့ ထင်မြင်မိပါတယ်။ ဒါကြောင့်မို့လို့ တာဝန်ရှိသူ လုပ်ငန်းပိုင်ရှင်မှလည်း ရေလုပ်သားများကို ခေါ်ယူစစ်ဆေးမေးမြန်းခြင်း မရှိပါကြောင်း တင်ပြထားပါ တယ်။ ဒီလိုဖြစ်စဉ်မျိုးဟာ ရေလုပ်သားများသည် နှစ်စဉ် (၆၀) မှ (၁၀၀)

အထိ သေဆုံး ပျောက်ပျက်နေကြောင်းနဲ့ ပင်လယ်ထဲမှာ နေမကောင်းဖြစ်လို့ ကမ်းပေါ်တင်မယ်ဆိုရင် ဆေးကုသစရိတ်ပေးရခြင်းနဲ့ အလုပ်ချိန်နှောင့်နှေးနေခြင်းတို့ကြောင့် ပင်လယ်ထဲ ဖျောက်ဖျက်ပစ်မယ်ဆိုရင် ဒါ ငွေ နှစ်သိန်း၊ သုံးသိန်းနဲ့ ပြီးပြတ်တဲ့အတွက် နေမကောင်းတာဖြစ်ဖြစ်၊ ရေထဲပြုတ်ကျလို့ဖြစ်ဖြစ် တစ်ယောက်နဲ့ တစ်ယောက်သတ်လို့ပဲဖြစ်ဖြစ်၊ ပင်လယ်ထဲပစ်ချ ကုန်းပေါ်တင်မလာနဲ့ အလုပ်ရှုပ်တယ်၊ ငွေကုန်တယ်၊ အပြတ်လုပ်ခဲ့၊ လျော်ကြေးပေးဖို့အတွက်ဆိုရင် ဆီ တစ်ပေပါ ဖိုးတောင်မှ မရှိတဲ့အတွက် အပြတ်လုပ်ခဲ့ပါလို့ ပြောခဲ့တာကိုလည်း ကြားရတဲ့အကြောင်း တင်ပြခဲ့ပါတယ်။

ထို့ကဲ့သို့ လူတစ်ဦး သေဆုံးမည်ဆိုရင် သုံးသိန်း၊ လေးသိန်းလောက် လျော်ကြေးပေးရုံနဲ့ ပြီးပြတ်သွားတဲ့အတွက်ကြောင့်မို့လို့ ထိုသူအပေါ်မှာ မှီခိုစားသောက် ပညာသင်ကြားနေကြရတဲ့ ကလေးသူငယ်များဟာ အတိဒုက္ခ ရောက်ခဲ့ကြရပါတယ်။ တင်ပြသူအနေနဲ့ ရေလုပ်သားများအတွက် နိုင်ငံတော်က တရားဝင် လျော်ကြေး သတ်မှတ်ပေးနိုင်ပါရန်နှင့် သူ့မရဲ့ခင်ပွန်း ဦးစံမြင့် သေဆုံးရခြင်းအတွက် အမှုမှန် ဖော်ထုတ်ဆောင်ရွက်ပေးနိုင်ပါရန် တင်ပြလာခြင်း ဖြစ်ပါတယ်။

ဒီတင်ပြခြင်းနဲ့ ပတ်သက်ပြီးတော့ အမျိုးသားလွှတ်တော် ပြည်သူတို့၏ တိုင်ကြားစာဆိုင်ရာ ကော်မတီက အများပြည်သူအကျိုးအတွက် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် အောက်ပါမေးခွန်းများကို မေးမြန်းအပ်ပါတယ်။ (က) ရေလုပ်သားများ ခိုင်လုံတဲ့အကြောင်းပြချက် မရှိဘဲ မကြာခဏသေဆုံး ပျောက်ဆုံး နေမှုများ ရှိနေတဲ့အတွက် ဥပဒေမဲ့စွာ လုပ်ဆောင်နေကြတဲ့ အပြစ်ရှိသူများကို ဥပဒေနဲ့အညီ စုံစမ်းစစ်ဆေး ဖော်ထုတ်အရေးယူပေးရန် အစီအစဉ် ရှိ၊ မရှိ။ (ခ) ရေလုပ်သားများရဲ့ ဘဝလုံခြုံရေးအတွက် မည်ကဲ့သို့ စီမံဆောင်ရွက် ပေးသွားမည်၊ နောင်တွင်လည်း အလားတူ ဖြစ်စဉ်မျိုး မဖြစ်စေရေးအတွက် မည်ကဲ့သို့ ကာကွယ်စောင့်ရှောက်ပေးသွားမည်။ (ဂ) တာဝန်ရှိသူ ဝန်ထမ်းများရဲ့ ဥပဒေမဲ့/တာဝန်မဲ့စွာ ဆောင်ရွက်နေမှုအပေါ် စိစစ်ဖော်ထုတ် အရေးယူရန် အစီအစဉ် ရှိ၊ မရှိ။ (ဃ) ရေလုပ်သားများ သေဆုံးခြင်းအတွက် နိုင်ငံတော်မှ တရားဝင်လျော်ကြေး သတ်မှတ်ပေးရန် အစီအစဉ် ရှိ၊ မရှိ။ (င) ဥပဒေနှင့်အညီ ရေလုပ်သားများ အေးချမ်းသာယာစွာ နေထိုင်နိုင်ရေးအတွက် မည်ကဲ့သို့ စီမံဆောင်ရွက်ပေးမည်ကို အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ် ခင်ဗျား။

နိုင်ငံတကာအဆင့်မီ Police Academy တက္ကသိုလ်ဖွင့်လှစ်၍ ကြည်း၊ ရေ၊ လေ ရဲအရာရှိများ မွေးထုတ်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း

အချိန်၊ ၁၀း၂၇။

ဥက္ကဋ္ဌ။ ။ ဆက်လက်ပြီး မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးလှဆွေက နိုင်ငံတကာအဆင့်မီ Police Academy တက္ကသိုလ် ဖွင့်လှစ်၍ ကြည်း၊ ရေ၊ လေ ရဲအရာရှိများ၊ မွေးထုတ် ပေးရန် အစီအစဉ် ရှိ၊ မရှိ နှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

အချိန်၊ ၁၀း၂၇။

ဦးလှဆွေ၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအားလုံး၊ ကြွရောက်လာသော ပြည်ထောင်စုဝန်ကြီးနှင့် ကော်မရှင်အဖွဲ့ဝင်အားလုံး ကျက်သရေမင်္ဂလာ အဖြာဖြာနဲ့ ပြည့်စုံတော်

မှုကြပါစေလို့ ဦးစွာပထမ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးလှဆွေ ဖြစ်ပါတယ်။ ကျွန်တော် မေးမြန်းလိုတဲ့ မေးခွန်းကတော့ နိုင်ငံတကာအဆင့်မီ Police Academy တက္ကသိုလ်တစ်ခု ဖွင့်လှစ်ပြီးတော့ ကြည်း၊ ရေ၊ လေ ရဲအရာရှိများ မွေးထုတ်ပေးရန် အစီအစဉ် ရှိ/မရှိ ဆိုပြီးတော့ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီမိုကရေစီနိုင်ငံများမှာ ရဲတပ်ဖွဲ့ရဲ့အခန်းကဏ္ဍဟာ ပိုမိုအရေးပါလာပြီးတော့ အရည်အချင်းမီတဲ့ ရဲတပ်ဖွဲ့ အရာရှိများလည်း လိုအပ်လာမှာ ဖြစ်ပါတယ်။ ဒါ့အပြင် ရေကြောင်း၊ လေကြောင်းများ၌ပါ ရဲတပ်ဖွဲ့ရဲ့ အခန်းကဏ္ဍဟာ လိုအပ်လာမှာ ဖြစ်ပြီးတော့ လက်ရှိ မြန်မာနိုင်ငံမှာ တပ်မတော် ကြည်းတပ်သာ မကဘူး၊ တပ်မတော်ရေ၊ တပ်မတော် လေအရာရှိများ ကိုသာ အားကိုးနေကြရပါတယ်။ တပ်ကနေ ရဲအသွင်ပြောင်းပြီးတော့ တာဝန်ထမ်းဆောင်နေကြရတာ ဖြစ်ပါတယ်။ ထပ်မံတိုးချဲ့မယ့် လေကြောင်းရဲ၊ ရေကြောင်း ရဲတပ်ဖွဲ့ဝင်များမှာလည်း အရာရှိများ မလွဲမသွေ လိုအပ်လာမှာ ဖြစ်ပါတယ်။

လေးစားအပ်သော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တင်ပြလိုတဲ့ အဓိပ္ပာယ်ကတော့ လ အနည်းငယ်နဲ့ ဖွင့်လှစ်တဲ့သင်တန်းမျိုး မဟုတ်ဘဲနဲ့ (၁၀)တန်းအောင်တဲ့ အရွယ်က စတင်ပြီးတော့ (၄)နှစ် အနည်းဆုံး အချိန်ယူသင်ကြားပေးပြီးတော့ ဘွဲ့ကိုလည်း B.Sc Myanmar Police Academy စသည် ဖြင့် ဘွဲ့ပေးပြီးတော့ ဥပဒေပိုင်းဆိုင်ရာတွေ၊ မှုခင်းဘက်ဆိုင်ရာ၊ မှုခင်းဆေးပညာဆိုင်ရာ၊ တိုက်ခိုက်ရေး ပိုင်း၊ အကြမ်းဖက်မှု နှိမ်နင်းရေးဆိုင်ရာ သီးခြားဘွဲ့တွေ ပေးအပ်ပြီးတော့ ရဲအရာရှိများကို မွေးထုတ်သင့် ပါတယ်။ (၁၀)တန်းအောင်တဲ့ အမှတ်ကိုလည်း မြင့်မြင့်ထားသင့်ပါတယ်။ အချို့တိုင်းပြည်များမှာဆိုရင် (၁၀)တန်းအောင်တဲ့ အမှတ်အမြင့်ဆုံးကို ရဲအရာရှိပေးတယ်လို့ ကျွန်တော် လေ့လာတွေ့ရှိရပါတယ်။ ဒါ့အပြင် ကြည်း၊ ရေ၊ လေ ရဲတပ်ဖွဲ့များ လေယာဉ်၊ ရဟတ်ယာဉ် မောင်းနှင်ခြင်း၊ သံချပ်ကာ လူတင်ယာဉ် တွေ မောင်းနှင်ခြင်း၊ အမြောက်လက်နက်ကအစ ပစ်ခတ်တတ်ခြင်း ဒါတွေကို သင်ကြားလေ့ကျင့်ပေးဖို့ လိုအပ်မှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကြည်း၊ ရေ၊ လေ သီးသန့်စီခွဲခြားပြီး သင်ပေးဖို့ လိုအပ်မယ်လို့ ကျွန်တော့်အနေနဲ့ ယူဆ ပါတယ်။ အိမ်နီးချင်းနိုင်ငံအချို့မှာဆိုရင် ရဲတပ်ဖွဲ့ကို တိုက်ခိုက်ရေး ရဟတ်ယာဉ် များ ၁၅၅ မမ ဟောင်ဝစ်ဇာ အမြောက်များထိ တပ်ဆင်ပေးထားတာကို ကျွန်တော် လေ့လာတွေ့ရှိရ ပါတယ်။ ဒီလို ရေယာဉ် လေယာဉ်တွေ မောင်းနိုင်တဲ့ ရဲအရာရှိများ မွေးထုတ်ပေးမှာသာလျှင် တပ်က အရာရှိတွေလည်း ရဲကို အသွင်ပြောင်းပြီးတော့ တာဝန်ထမ်းဆောင်ရတဲ့အတွက် တပ်အင်အား လျော့နည်းမှုလည်း မဖြစ်တော့ဘဲနဲ့ ရေရှည်မှာ ပိုမိုအကျိုးဖြစ်ထွန်းလာမှာ ဖြစ်ပါတယ်။

ယခင်က တပ်မတော်ဆေးတက္ကသိုလ်၊ အလုပ်သင်ဗိုလ်၊ ဘွဲ့ရ စသဖြင့် တပ်မတော်အရာရှိ ဗိုလ်လောင်းသင်တန်း အမျှားအပြား သင်တန်းသား အမျှား အပြား ခေါ်ယူခဲ့သော်လည်း ယနေ့မှာတော့ အင်အားကို စနစ်တကျ စိစစ်ပြီးတော့ ခေါ်ယူနေတဲ့အတွက်ကြောင့် မေမြို့၊ ဗထူး စတဲ့ ဗိုလ်လောင်း သင်တန်းတွေမှာ သင်တန်းသား အိပ်ဆောင်တွေလည်း အမျှားအပြား ပိုနေတယ်လို့ ကြားသိရပါ တယ်။ ဒီအတွက် အဆောက်အဦသစ် ဆောက်စရာ မလိုဘဲနဲ့ အဲဒီနေရာတွေမှာပဲ တွဲဖက်ပြီးတော့ သီးခြား အဆောင်တွေ ခွဲပြီး သတ်သတ်မှတ်မှတ် ဖွင့်လှစ်မယ်ဆိုရင် အလွယ်တကူ ဖွင့်နိုင်မယ့် အနေအထား ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော် တင်ပြလိုတဲ့ မေးခွန်းကတော့ နိုင်ငံတကာ အဆင့်မီ Police Academy တက္ကသိုလ်တစ်ခု ဖွင့်လှစ်ပြီးတော့ ကြည်း၊ ရေ၊ လေ ရဲအရာရှိများ မွေးထုတ်ပေးရန်

အစီအစဉ် ရှိ၊ မရှိ ဆိုတဲ့ မေးခွန်းကို အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းတင်ပြအပ်ပါတယ် ခင်ဗျား။

အချိန်၊ ၁၀းဝ၀။

ဥက္ကဋ္ဌ။ ။ မေးခွန်းများနဲ့ ပတ်သက်ပြီး ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

ဖြေကြားချက်

အချိန်၊ ၁၀းဝ၀။

ဗိုလ်မှူးချုပ်ကျော်ကျော်ထွန်း (ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေလို့ ဦးစွာနှုတ်ခွန်း ဆက်သဂါရဝပြုအပ်ပါတယ်။ ပထမဦးစွာ အမျိုးသားလွှတ်တော် ပြည်သူတို့ရဲ့ တိုင်ကြားစာဆိုင်ရာကော်မတီရဲ့ ရေလုပ်သားများခိုင်လုံသော အကြောင်းပြချက် မရှိဘဲ မကြာခဏသေဆုံး၊ ပျောက်ဆုံးမှုများ ရှိနေသည့်အတွက် စုံစမ်းစစ်ဆေး ဖော်ထုတ်အရေးယူပေးနိုင်ပါရန် ကြယ်ပွင့်ပြမေးခွန်းနဲ့စပ်လျဉ်းလို့ ကျွန်တော် ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ကျော်ထွန်း က ဖြေကြားသွားမှာ ဖြစ်ပါတယ်။ ဒီမေးခွန်းနဲ့ စပ်လျဉ်းပြီးတော့မှ ပြည်ထဲရေးဝန်ကြီးဌာန အနေနဲ့ အလုပ်သမား၊ အလုပ်အကိုင်နဲ့ လူမှုဖူလုံရေးဝန်ကြီးဌာန၊ မွေးမြူရေး၊ ရေလုပ်ငန်းနဲ့ ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့တို့ရဲ့ ဖြေကြားချက်များနဲ့ ပေါင်းစပ်ပြီးတော့မှ ဖြေကြားတင်ပြသွားမှာ ဖြစ်ပါတယ်။

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ်၊ အမာမြို့နယ်ခွဲ ဒေါ်ညိမ်းကျေးရွာအုပ်စု၊ ကမ္ဘာ့ဘဏ် သာယာအေးရပ်ကွက်နေ ကျားဖောင်လုပ်သား ဦးစံမြင့် (၄၈)နှစ်၊ (ဘ) ဦးရွှေဥ ပျောက်ဆုံးမှုနှင့် ပတ်သက်၍ ၎င်းရဲ့ဇနီးဖြစ်သူ ဒေါ်မြင့်လွင် မှ ၂၀၁၂ ခုနှစ် အောက်တိုဘာလ ၂၉ ရက်နေ့ ၁၉း၅၀ အချိန်မှာ အမာနယ်မြေရဲစခန်းကို ရောက်ရှိလာပြီး ၎င်းရဲ့ခင်ပွန်း ဦးစံမြင့် က ဖောင်ဦးစီး ဦးကျော်လေး၊ ဖောင်နောက်လိုက် ဦးသံချောင်း တို့နဲ့အတူ ကျားဖောင်ဖြင့် ပင်လယ်အတွင်းမှာ ငါးဖမ်းနေရာမှ ၂၀၁၂ ခုနှစ်၊ အောက်တိုဘာလ ၂၃ ရက်နေ့ ညဦးပိုင်းမှာ ဖောင်ဦးစီး ဦးကျော်လေး နဲ့ ဖောင်နောက်လိုက် ဦးသံချောင်း တို့က ဖောင်တဲအတွင်းမှာ အိပ်ပြီးတော့ ဦးစံမြင့် က ဖောင်ရှေ့ လက်လှည့်စက်တုံးအနီးမှာ အိပ်နေကြောင်း၊ ထိုနေ့ည (၁၀)နာရီခန့်မှာ ကျားပိုက်ဖော်ရန်တွက် ဦးစံမြင့် ကို လှမ်းနှိုးရာ ပြန်ထူးသံ မကြားရလို့ ဖောင်တဲအတွင်းမှထွက်ပြီး ရှာဖွေရာ ဦးစံမြင့် ကို မတွေ့ရှိတော့ကြောင်း ဖောင်ပေါ်မှာ လိုက်လံစစ်ဆေးခဲ့ရာ အရှည် ၃/၄ တောင်ခန့်ရှိတဲ့ သက်ကယ် ဝါးပိုးဝါးပိုင်း တစ်ပိုင်းမှာလည်း ပျောက်ဆုံးနေသည်ကို တွေ့ရှိရကြောင်း၊ ပင်လယ်အတွင်း ငါးပေါင်းသင်္ဘောနဲ့ ဖောင်လုပ်သား ဦးစံမြင့် ကို လိုက်လံရှာဖွေသော်လည်းပဲ မတွေ့ရှိရတော့တဲ့အတွက် ကူညီစုံစမ်းရှာဖွေပေးရန် လာရောက်တိုင်တန်းသောကြောင့် အမာနယ်မြေရဲစခန်းမှ လူပျောက်အမှတ်စဉ်(၆/၂၀၁၂)ဖြင့် လက်ခံရေးဖွင့်ပြီး တိုင်တန်းသူနဲ့ သက်သေများကို စစ်ဆေးခြင်း၊ လုပ်ထုံးလုပ်နည်းနဲ့အညီ လူပျောက်ကြော်ငြာများ ပေးပို့စုံစမ်းခြင်းများ ပြုလုပ်ခဲ့ပြီး ဆက်လက်ရှာဖွေ စုံစမ်းလျက်ရှိရာ ယခုအချိန်အထိ ထူးခြားမှုမရှိကြောင်း စိစစ်တွေ့ရှိရပါတယ်။

ရေလုပ်သားများ ခိုင်လုံတဲ့အကြောင်း ပြချက်မရှိဘဲ မကြာခဏ သေဆုံးပျောက်ဆုံးနေမှုများ ရှိတဲ့အတွက် ဥပဒေမဲ့ လုပ်ဆောင်နေကြသည့် အပြစ်ရှိသူများကို ဥပဒေနဲ့အညီ စုံစမ်းစစ်ဆေးဖော်ထုတ် အရေးယူပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်းနဲ့စပ်လျဉ်းလို့ ပင်လယ်ပြင်မှာ ရေလုပ်သားများ ပျောက်ဆုံးမှု ဖြစ်ပွားပါက သက်ဆိုင်ရာ ရဲစခန်းများမှာ လူပျောက်မှု ဖွင့်လှစ်၍လည်းကောင်း၊ ပင်လယ်ပြင်မှာ ရေလုပ်သားများ သေဆုံးမှု ဖြစ်ပွားရာ၌ ဓမ္မတာအတိုင်း သေဆုံးခြင်းမဟုတ်ဘဲ ရုတ်တရက် သေဆုံးခဲ့ပါက သက်ဆိုင်ရာ ရဲစခန်းများမှာ သေမှုသေခင်း ဖွင့်လှစ်၍လည်းကောင်း စုံစမ်းစစ်ဆေးမှုများ ပြုလုပ်ပြီး ဓမ္မတာအတိုင်း သေဆုံးမှု မဟုတ်ခြင်း၊ သာမန်လူပျောက်ဆုံးမှု မဟုတ်ခြင်းဖြစ်စဉ်များ ပေါ်ပေါက်၍ တစ်စုံတစ်ဦးရဲ့ ပြုလုပ်မှု သို့မဟုတ် ပေါ့ဆမှုကြောင့် သေဆုံးမှုဖြစ်ကြောင်းပေါ်ပေါက်က ပြစ်မှု ကျူးလွန်သူ ကို သက်ဆိုင်တဲ့ ပြစ်မှုဆိုင်ရာ ဥပဒေအရ အမှုဖွင့် အရေးယူဆောင်ရွက်ကာ တရားရုံးသို့ တရားစွဲတင်ပို့ပြီး ပြစ်မှုကျူးလွန်တဲ့အတွက် ထိရောက်တဲ့ ပြစ်ဒဏ်များရရှိရေးကို ဆောင်ရွက်လျက် ရှိပါတယ်။

ဖျာပုံမြို့နယ်အတွင်း ပင်လယ်ပြင်မှာ ပျောက်ဆုံးမှုနဲ့ စပ်လျဉ်း၍ ၂၀၁၁ ခုနှစ်မှာ တိုင်တန်းမှု(၂)၊ (အသက်ရှင်လျက်)နဲ့ ရှာဖွေမတွေ့ရှိမှု(၁)မှု၊ ၂၀၁၂ ခုနှစ်မှာ တိုင်တန်းမှု(၁၀)မှုရှိပြီး အသက်ရှင်လျက် ရှာဖွေတွေ့ရှိမှု(၄)မှု၊ (အသက်ရှင်လျက်)နဲ့ ရှာဖွေမတွေ့ရှိမှု(၆)မှု၊ ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ(၁)ရက်နေ့မှ အောက်တိုဘာလ (၃၁)ရက်နေ့အထိ တိုင်တန်းမှု(၂၆)မှုမှာ အသက်ရှာဖွေ တွေ့ရှိမှု(၅)မှု၊ အသက်ရှင်လျက် (၄)ဦးနဲ့ အသေ(၁)ဦး၊ ရှာဖွေမတွေ့ရှိမှု(၂၁)မှု ဖြစ်ကြောင်း စိစစ်တွေ့ရှိရပါတယ်။

ရေလုပ်သားများရဲ့ ဘဝလုံခြုံရေးအတွက် မည်ကဲ့သို့ စီမံဆောင်ရွက် ပေးသွားမည်၊ နောင်တွင် အလားတူ ဖြစ်စဉ်မျိုး မဖြစ်စေရေးအတွက် မည်ကဲ့သို့ ကာကွယ်စောင့်ရှောက် ပေးသွားမည်ဆိုတဲ့ မေးခွန်းနဲ့စပ်လျဉ်းလို့ ပင်လယ်ပြင် အတွင်း လုပ်ငန်းလုပ်ကိုင်နေတဲ့ ငါးဖမ်း/ငါးသယ်ရေယာဉ်များမှာရှိတဲ့ ရေလုပ်သားများက တာဝန်ထမ်းဆောင်နေစဉ် ကာလအတွင်းမှာ သေဆုံးခြင်း၊ ဒဏ်ရာရရှိခြင်း၊ ထာဝစဉ် မသန်မစွမ်းဖြစ်ခြင်းနဲ့ တစ်စိတ်တစ်ဒေသ မသန်မစွမ်းဖြစ်ခြင်းစတဲ့ မမျှော်မှန်းနိုင်တဲ့ ဘေးအန္တရာယ်များကြောင့် ထိခိုက်ဆုံးရှုံးနစ်နာမှုများ တွေ့ကြုံခံစားရနိုင်ပါတယ်။

သို့ဖြစ်တဲ့အတွက် မွေးမြူရေးရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာနမှ ရေလုပ်သားများ ထိခိုက်ဒဏ်ရာနဲ့ အသက်အန္တရာယ်ရှိမှုမှ ရှောင်ရှားနိုင်ရေး၊ ထိခိုက်သေဆုံးမှု ဖြစ်ပေါ်လာပါက ထိုက်သင့်တဲ့ နစ်နာကြေးများ ရရှိရေးအတွက် (က) ပင်လယ်ပြင်အတွင်း ငါးဖမ်းရေယာဉ်ငယ်များ၏ ရေလုပ်သားများ ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် ငါးလုပ်ငန်းဦးစီးဌာနမှ ပင်လယ်ပြင် ဘေးအန္တရာယ် ကင်းရှင်းရေး သင်တန်းများကို ပို့ချပေးခြင်း။ (ခ) ရေလုပ်သားများ အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်း။ (ဂ) ရေလုပ်သားများ ထိခိုက်နစ်နာမှုအတွက် အာမခံထားရှိနိုင်ရေးအတွက် ဆောင်ရွက်ပေးမှုများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရှိရပါတယ်။

ငါးလုပ်ငန်းဦးစီးဌာနက ရေလုပ်သားများ ထိခိုက်နစ်နာမှု၊ သေဆုံးမှုရှိလျှင် အကျိုးခံစားခွင့်များ ပြန်လည်ရရှိနိုင်ရေးအတွက် ရေယာဉ်ပိုင်ရှင်များ ကိုယ်စား နိုင်ငံတော်မှ ဆောင်ရွက်ပေးနိုင်တဲ့ ရေလုပ်ငန်းရှင် တာဝန်ရှိမှု အာမခံစနစ်ထားရှိနိုင်ရေးကို မြန်မာ့အာမခံလုပ်ငန်းနှင့် ပူးပေါင်းပြီး ဆောင်ရွက်ခဲ့ကြောင်း၊ အဲဒီအာမခံစနစ်မှာ ရေလုပ်သားတစ်ဦးချင်းမှ ငွေပေးသွင်းထားနိုင်ခြင်း မရှိတဲ့အတွက် ရေလုပ်သားများအတွက် ဝိုင်းကြီးချုပ်စနစ်နဲ့ ရေယာဉ်ပိုင်ရှင်များက ရေလုပ်ငန်းရှင်များ တာဝန်ရှိမှု

အာမခံထားရှိစေရေး ဆောင်ရွက်ခဲ့ကြောင်း၊ ၂၀၀၈ ခုနှစ်၊ နာဂစ်မုန်တိုင်းနဲ့ ၂၀၁၁ ခုနှစ်၊ မတ်လအတွင်း တိုက်ခတ်ခဲ့တဲ့ လေမုန်တိုင်းများကြောင့် ရေလုပ်သားများရဲ့ အသက်အိုးအိမ်များ ပျက်စီးဆုံးရှုံးမှုများ အတွက် မွေးမြူရေး၊ ရေလုပ်ငန်းနဲ့ ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၏ လမ်းညွှန်ချက်နဲ့ ကမ်းနီး ငါးဖမ်း/ငါးသယ်ရေယာဉ်များ၊ ကျားဖောင်များမှ လုပ်ကိုင်နေတဲ့ ရေလုပ်သားများရဲ့ ဘဝလုံခြုံမှုများ ရှိစေရန်အတွက် စက်တပ်၊ စက်မဲ့ ကမ်းနီးလှေငယ်များနဲ့ ကျားဖောင်များပေါ်မှာ လိုက်ပါ တာဝန်ထမ်းဆောင်နေတဲ့ ရေလုပ်သားများအတွက် အာမခံထားရှိနိုင်ရန် ငါးလုပ်ငန်းဦးစီးဌာနမှ မြန်မာ့အာမခံ လုပ်ငန်းနဲ့ ညှိနှိုင်းခဲ့ပြီး၊ ကျားဖောင်လုပ်ငန်းရှင် တာဝန်ရှိမှု အာမခံလုပ်ငန်းဆောင်ရွက်ရန် နှစ်ဖက် သဘောတူ နားလည်မှုစာချုပ်ကို ငါးလုပ်ငန်းဦးစီးဌာန အကျိုးဆောင်မှုနဲ့ မြန်မာ့ အာမခံလုပ်ငန်း၊ အာမခံ လုပ်ငန်းလုပ်ကိုင်သူတို့က ၂၀၁၁ ခုနှစ်၊ အောက်တိုဘာလ ၁၈ ရက်နေ့မှာ လက်မှတ်ရေးထိုးခဲ့ကြောင်း သိရှိရပါတယ်။

အဆိုပါ သဘောတူစာချုပ်အရ ငါးလုပ်ငန်းဦးစီးဌာနရဲ့ ပံ့ပိုးကူညီမှုနဲ့ ဧရာဝတီတိုင်းဒေသကြီး၊ ဖျာပုံခရိုင်အတွင်းမှာရှိတဲ့ စက်တပ်၊ စက်မဲ့၊ ကမ်းနီး/ကမ်းဝေး၊ ကျားဖောင်များမှာ လုပ်ကိုင်နေတဲ့ ရေလုပ်သား များ အာမခံထားရှိမှုမှာ ၂၀၁၁-၂၀၁၂ ခုနှစ်မှာ စက်တပ်ရေယာဉ်လုပ်သား (၂၁၁၉)ဦးနဲ့ ကျားဖောင် လုပ်သား(၉၅)ဦး၊ စုစုပေါင်းရေလုပ်သား(၂၂၁၄)ဦး၊ ၂၀၁၂-၂၀၁၃ ခုနှစ်မှာ စက်တပ်ရေယာဉ် ရေလုပ်သား(၁၇၅)ဦး၊ ၂၀၁၃-၂၀၁၄ ခုနှစ်မှာ စက်တပ်ရေယာဉ် ရေလုပ်သား(၁၁၃)ဦးနဲ့ ကျားဖောင် လုပ်သား(၁၀)ဦး၊ စုစုပေါင်းရေလုပ်သား(၁၂၃)ဦးကို အာမခံထားရှိနိုင်ခဲ့ကြောင်း သိရှိရပါတယ်။

ဖျာပုံမြို့နယ်အတွင်း လာရောက်လုပ်ကိုင်တဲ့ ရေလုပ်သားများနဲ့ ပတ်သက်လို့ ဥက္ကဋ္ဌအဖြစ် မြို့နယ်အုပ်ချုပ်ရေးမှူး၊ အဖွဲ့ဝင်အဖြစ် ဖျာပုံမြို့နယ် ကျန်းမာရေးဦးစီးဌာနမှူးနဲ့ အတွင်းရေးမှူးအဖြစ် ဖျာပုံမြို့နယ် အလုပ်သမားညွှန်ကြားရေးမှူးဦးစီးဌာန၊ ဦးစီးအရာရှိတို့ ပါဝင်တဲ့ ဖျာပုံမြို့နယ် အလုပ်သမား လျှော်ကြေးစိစစ်ရေးကော်မတီကို ဖွဲ့စည်းထားရှိပြီး၊ ဖျာပုံမြို့နယ် ကျားဖောင်ရေလုပ်ငန်းအသင်းမှ ရေလုပ်ငန်းဆောင်ရွက်လျက်ရှိတဲ့ ခါးပြတ်ကျေးရွာ၊ နောက်မီးကျေးရွာနဲ့ ကုလားထိပ်ကျေးရွာများမှာ ကျားဖောင်ရေလုပ်ငန်းရှင်များ အဖွဲ့ရုံးများကို သတ်မှတ်စည်းမျဉ်းစည်းကမ်းများနဲ့အညီ ဖွင့်လှစ်ထားရှိပြီး ဖြစ်ပါတယ်။

အဆိုပါ ဖွဲ့စည်းထားရှိပြီးဖြစ်တဲ့ ဖျာပုံမြို့နယ် အလုပ်သမားလျှော်ကြေး စိစစ်ရေးကော်မတီ အနေနဲ့ အလုပ်ရှင်နဲ့ အလုပ်သမားများ ပြဿနာကို ဖြေရှင်းပေးခြင်း၊ ပင်လယ်ပြင်မှာ အကြောင်း အမျိုးမျိုးကြောင့် ထိခိုက်၊ သေဆုံး၊ ပျောက်ဆုံး ကိစ္စရပ်များကို ဖြေရှင်းပေးခြင်း၊ သေဆုံးမှု အမြဲတမ်း လုံးဝမသန်မစွမ်းမှုနဲ့ အမြဲတမ်း တစ်စိတ်တစ်ဒေသ မသန်မစွမ်းမှုများကို စိစစ်ပြီး၊ ရေလုပ်သားများရဲ့ နစ်နာမှုအတွက် ရေလုပ်ငန်းရှင်များထံမှ နစ်နာမှုလျှော်ကြေးများ ရရှိရေးကို ၁၉၂၃ ခုနှစ်၊ အလုပ်သမား လျှော်ကြေး အက်ဥပဒေပုဒ်မ ၄ နဲ့အညီ ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိပါတယ်။

တာဝန်ရှိသူဝန်ထမ်းများရဲ့ ဥပဒေမဲ့၊ တာဝန်မဲ့စွာ ဆောင်ရွက်နေမှုများအပေါ် စိစစ်ဖော်ထုတ် အရေးယူရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်းနဲ့ စပ်လျဉ်းလို့ တာဝန်ရှိသူ ဝန်ထမ်းများက ရေလုပ်သားများရဲ့ ထိခိုက်၊ သေဆုံး၊ ပျောက်ဆုံးများနဲ့ ပတ်သက်ပြီး ဥပဒေမဲ့စွာ၊ တာဝန်မဲ့စွာ ဆောင်ရွက်နေကြောင်း ထိခိုက် နစ်နာသူများဘက်က တိုင်တန်းလာပါက မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေနဲ့ စုံစမ်းစစ်ဆေးရေးခုံရုံးများ ဖွဲ့စည်းပြီး၊ စုံစမ်းစစ်ဆေးခြင်း၊ တာဝန်ရှိသူ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များအနေဖြင့် ဥပဒေလုပ်ထုံးလုပ်နည်းနဲ့အညီ

ဆောင်ရွက်မှုမရှိခြင်း၊ ဆောင်ရွက်ရမယ့် တာဝန် ဝတ္တရားတွေကို ပျက်ကွက်ခဲ့ခြင်း၊ ဥပဒေမဲ့၊ တာဝန်မဲ့စွာ ဆောင်ရွက်ကြောင်း စုံစမ်းစစ်ဆေးပေါ်ပေါက်ပါကလည်း ရဲစည်းကမ်းထိန်းသိမ်းရေး ဥပဒေနဲ့ ပြစ်မှု ဆိုင်ရာဥပဒေတို့အရ အရေးယူဆောင်ရွက်လျက်ရှိပါတယ်။

တိုင်ကြားစာပါ ဖြစ်စဉ်နဲ့ စပ်လျဉ်းလို့ ဖျာပုံမြို့နယ်ရဲတပ်ဖွဲ့၊ ဒုတိယမြို့နယ်ရဲတပ်ဖွဲ့မှူး၊ ဒုတိယ ရဲမှူး ခင်မောင်သိန်း၊ ဥက္ကဋ္ဌအဖြစ် ပါဝင်တဲ့ စုံစမ်းစစ်ဆေးရေးခုံရုံးအဖွဲ့ဖြင့် စုံစမ်းစစ်ဆေးခဲ့ပါတယ်။ စုံစမ်းစစ်ဆေးချက်များအရ တိုင်တန်းချက်များမှာ မှန်ကန်မှုမရှိပေမယ့်လည်း လုံထိန်းရဲကင်းမှူး၊ ဒုတိယ ရဲအုပ် ဇော်ရဲထွဋ် နဲ့ အမာနယ်မြေ ရဲစခန်းမှူး ရဲအုပ်သိန်းလှိုင် တို့မှာ ရဲလုပ်ငန်းများကို လုပ်ထုံးလုပ်နည်း များနဲ့အညီ ဆောင်ရွက်ခဲ့ကြသော်လည်းပဲ တိုင်ကြားခဲ့သူ အထင်အမြင် လွဲမှားစေလောက်တဲ့ ပြုမှု ဆက်ဆံမှုများ ဆောင်ရွက်ခဲ့ကြောင်း ပေါ်ပေါက်ခဲ့ပါတယ်။

သို့ဖြစ်တဲ့အတွက် ၂၀၁၃ ခုနှစ်၊ မေလ ၂၈ ရက်နေ့မှာ ဧရာဝတီတိုင်းဒေသကြီး၊ ရဲတပ်ဖွဲ့မှူးက ၎င်းတို့(၂)ဦးကို အပြစ်ဖော်ပြမှတ်တမ်းဝင် သတိပေးလက်မှတ်ရေးထိုးစေခဲ့ပြီး၊ ဒုတိယရဲအုပ်ဇော်ရဲထွဋ် ကို ၂၀၁၃ ခုနှစ်၊ သြဂုတ်လ(၅)ရက်နေ့မှာ အခြားပြည်နယ် ရဲတပ်ဖွဲ့တစ်ခုသို့ ပြောင်းရွှေ့ခဲ့ပြီး ဖြစ်ပါတယ်။ အလားတူ တိုင်ကြားစာပါ ဖြစ်စဉ်နဲ့ ပတ်သက်လို့ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၊ ဖျာပုံခရိုင်ရုံးမှ ဦးစီးအရာရှိ ဒေါ်ခင်စန်းဝင်းလွင် ရဲ့ တာဝန်မဲ့စွာ ပြုမူပြောဆိုမှု နဲ့ အလုပ်သမား ပြဿနာများကို တိုင်းအတွင်းဖြေရှင်းရာမှာ အားနည်းချက်များ ရှိခြင်းကြောင့် ၎င်းကို အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၊ တနင်္သာရီတိုင်းဒေသကြီးသို့ ပြောင်းရွှေ့တာဝန်ချထားခဲ့ကြောင်း သိရှိရပါတယ်။

ရေလုပ်သားများ သေဆုံးခြင်းအတွက် နိုင်ငံတော်မှ တရားဝင် လျော်ကြေးသတ်မှတ်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်းနဲ့ စပ်လျဉ်းလို့ အလုပ်သမားများ လုပ်ငန်းခွင်တွင် ထိခိုက်ဒဏ်ရာရရှိပါက ၁၉၂၃ ခုနှစ်၊ အလုပ်သမား လျော်ကြေးအက်ဥပဒေအရ ဆောင်ရွက်ပေးလျက်ရှိပြီး၊ လျော်ကြေးနှုန်းထားနဲ့ ပတ်သက်လို့ အလုပ်သမားဝန်ကြီးဌာနရဲ့ အမိန့်ကြော်ငြာစာ၊ ၁/၂၀၀၅ နဲ့ ပြင်ဆင်ပြဋ္ဌာန်းထားတဲ့အတိုင်း ပုဒ်မ ၄၊ ပုဒ်မခွဲ(၁)၊ အပိုဒ်(က)၊ အပိုဒ်ခွဲ(၁)မှာ အလုပ်သမား တစ်ယောက် သေဆုံးလျှင် လျော်ကြေးအဖြစ် သူ၏ တစ်လအတွက် အခကြေးငွေ၏ (၃၆)ဆ ဖြစ်ရပါမည်။ သို့ရာတွင် အနည်းဆုံး (၁၅၀၀၀)ကျပ်မှ အများဆုံး (၄၅၀၀၀)ကျပ်အထိ ဖြစ်ပါသည်ဟူ၍ လည်းကောင်း၊ ပုဒ်မ ၄၊ ပုဒ်မခွဲ(၁)၊ အပိုဒ်(ခ)၊ အပိုဒ်ခွဲ(၁)မှာ အလုပ်သမားတစ်ယောက် လုံးဝမသန်မစွမ်းမှုဖြစ်လျှင် လျော်ကြေးအဖြစ် တစ်လအတွက် အခကြေးငွေ၏ ရာခိုင်နှုန်း(၁၄၀)၏ (၃၆)ဆ ဖြစ်ရမည်။ သို့ရာတွင် အနည်းဆုံး (၂)သိန်းကျပ်မှ အများဆုံး (၆)သိန်းကျပ် ဖြစ်ရမည်ဟူ၍လည်းကောင်း၊ ပုဒ်မ ၄၊ ပုဒ်မခွဲ(၁)၊ အပိုဒ်(ဂ)တွင် အလုပ်သမားတစ်ယောက် အမြဲတမ်းတစ်စိတ်တစ်ဒေသ မသန်စွမ်းမှုဖြစ်လျှင် လျော်ကြေးအဖြစ် အမြဲတမ်း လုံးဝမသန်စွမ်းမှုအတွက် ပေးသည့်လျော်ကြေးငွေအပေါ် မူတည်၍ လုပ်အားဆုံးရှုံးမှု ရာခိုင်နှုန်း အချိုးအစားအလိုက် တွက်ချက် ရရှိသည့် လျော်ကြေးငွေကို ရရှိပါ မည်ဟူ၍လည်းကောင်း ပြင်ဆင်လျော်ကြေးပေးလျက်ရှိကြောင်း သိရှိ ရပါတယ်။

တိုင်ကြားစာပါဖြစ်စဉ်အား အလုပ်သမား၊ အလုပ်အကိုင်နဲ့ လူမှုဖူလုံရေးဝန်ကြီးဌာန၊ ဧရာဝတီ တိုင်းဒေသကြီး၊ အလုပ်သမားညွှန်ကြားမှုဦးစီးဌာန၊ ဦးစီးမှူး၊ ဦးစီးအဖွဲ့ဖြစ် စစ်ဆေးစေခဲ့ကြောင်း စစ်ဆေးချက်အရ ဖျာပုံမြို့နယ် အလုပ်သမား လျော်ကြေးစိစစ်ရေးကော်မတီမှ အမှုအမှတ်၊ ၂/၂၀၁၃ ဖြင့် အမှုဖွင့်လှစ် ဆောင်ရွက်ပေးခဲ့ရာ လျော်ကြေးငွေ (၄၅၀၀၀)ကျပ်နဲ့ ကရုဏာကြေးငွေ (၁၅၀၀၀)ကျပ်

စုစုပေါင်း(၆၀၀၀၀၀)ကျပ် ပေးလျော်ရန် ဆုံးဖြတ်ချက်ချခဲ့ကြောင်း၊ ၎င်း ဆုံးဖြတ်ချက် အပေါ် သေဆုံးသူ ဦးစံမြင့် ၏ ဇနီးဒေါ်မြင့်လွင် က ၎င်းငွေကို ရယူပါက ဦးစံမြင့် ပျောက်ဆုံးမှုနဲ့ ပတ်သက်၍ အမှုမှန်မပေါ်ပေါက်မည်ကို စိုးရိမ်၍ လည်းကောင်း၊ လျော်ကြေးငွေနည်း၍ လည်းကောင်း၊ ၎င်းငွေကို လက်ခံရယူခဲ့ခြင်း မရှိခဲ့ကြောင်း၊ သို့ဖြစ်တဲ့အတွက် မြို့နယ်အလုပ်သမားလျော်ကြေးစိစစ်ရေးကော်မတီ မှ ဦးစံမြင့် ၏ ဇနီးဒေါ်မြင့်လွင် ကို ခေါ်ယူပြီး ဦးစံမြင့် ပျောက်ဆုံးနေမှုနဲ့ စပ်လျဉ်း၍ အဆိုပါ လျော်ကြေးငွေ မှာ တရားဥပဒေအရ အမျိုးဆုံးပေးချေရမည့် ငွေဖြစ်ကြောင်း၊ ၎င်းလျော်ကြေးငွေနဲ့ ပတ်သက်၍ ကျေနပ်မှု မရှိပါက ရက်ပေါင်း(၆၀)အတွင်း တိုင်းဒေသကြီး တရားလွှတ်တော်သို့ အယူခံဝင်နိုင်ကြောင်း၊ ယခုအခါ ရက်ပေါင်း(၆၀)ကျော်လွန်သွားပြီဖြစ်၍ အယူခံဝင်၍ မရနိုင်တော့ကြောင်း ရှင်းလင်းပြောကြား ခဲ့ရာ ဒေါ်မြင့်လွင် မှ သဘောပေါက်ပြီး ၂၀၁၃ ခုနှစ်၊ ဧပြီလ ၂၅ ရက်နေ့မှာ အဆိုပါ လျော်ကြေးငွေများကို ချက်အမှတ် မ-၄စ၃ ၂၃၄ ဖြင့် လက်ခံရယူသွားပြီဖြစ်ကြောင်း သိရှိရပါတယ်။

ဥပဒေနဲ့အညီ ရေလုပ်သားများ အေးချမ်းစွာ နေထိုင်ရေးအတွက် မည်ကဲ့သို့ စီမံဆောင်ရွက်ပေးမည်ကို သိရှိလိုကြောင်း မေးခွန်းနဲ့စပ်လျဉ်းလို့ ရေလုပ်သားများက မြန်မာနိုင်ငံအတွင်း နေထိုင်သူများ ဖြစ်တဲ့အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၄၇ အရ၊ ဥပဒေအရာမှာ တန်းတူအခွင့်အရေး ရရှိစေရမယ့် အပြင် ဥပဒေရဲ့ အကာအကွယ်ကိုလည်း တန်းတူညီမျှစွာ ရယူပိုင်ခွင့် ရှိပါတယ်။

သို့ဖြစ်တဲ့အတွက် ရေလုပ်သားများရဲ့ လုပ်ကိုင်နေထိုင်ရမှုများနဲ့ ပတ်သက်၍ အလုပ်ရှင်များ ဖက်မှ အလုပ်သမားများရဲ့ ပင်လယ်ပြင် လုပ်ငန်းခွင်မှာ လုံခြုံမှုရှိစေရန်အတွက် ဆောင်ရွက်ပေးခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုအတွက် ပင်လယ်ပြင်မှာထိခိုက်မှုနဲ့ နာမကျန်းမှု ဖြစ်ပါက အမြန်ဆုံးခေါ်ယူပြီး ဆေးကုသပေးခြင်း၊ ထိခိုက်နစ်နာမှု ဖြစ်ပေါ်လာပါက ၎င်းနစ်နာမှုအတွက် သတ်မှတ်ထားတဲ့ နစ်နာကြေး ရရှိအောင်ဆောင်ရွက်ပေးခြင်း၊ ပင်လယ်ပြင်မှာ အလုပ်လုပ်ကိုင်နေတဲ့ ရေလုပ်သားနဲ့ ရွာမှာကျန်ရှိခဲ့တဲ့ ၎င်းရဲ့ မိသားစုဝင်များ မကြာခဏ အဆက်အသွယ် ရရှိစေရေးအတွက် ဆောင်ရွက်ပေးခြင်းအပြင် ကျန်ရစ်သူ မိသားစုဝင်များ၏ အခက်အခဲများကို အလုပ်ရှင်များဖက်မှ ကူညီဖြေရှင်းပေးခြင်းများကို ဆောင်ရွက် ပေးရေးအတွက် သက်ဆိုင်ရာအာဏာပိုင်အဖွဲ့အစည်း၊ အလုပ်သမား လျော်ကြေး စိစစ်ရေး ကော်မတီ၊ အလုပ်ရှင်များ အဖွဲ့အစည်းနဲ့ အလုပ်သမားများ အဖွဲ့အစည်းများက ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်လျက် ရှိပါတယ်။

ဒါ့အပြင် ပင်လယ်အတွင်း ဖြစ်ပွားခဲ့တဲ့ မှုခင်းများနဲ့ စပ်လျဉ်းလို့ သက်ဆိုင်ရာ ရဲစခန်းများက အမှုဖွင့်အရေးယူခြင်းနဲ့ ပင်လယ်ပြင်မှာ သဘာဝဘေးအန္တရာယ် ကျရောက်ပါက သက်ဆိုင်ရာ အာဏာပိုင် အဖွဲ့အစည်းများရဲ့ ကြီးကြပ်မှုဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များက မီးသတ်တပ်ဖွဲ့ဝင်များနဲ့အတူ ကူညီ ကယ်ဆယ်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းဖြေကြား တင်ပြအပ်ပါတယ်။

ဆက်လက်ပြီးတော့ မကွေးတိုင်းဒေသကြီး အမှတ်(၁၂)မဲဆန္ဒနယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးလှဆွေ ရဲ့ နိုင်ငံတကာ အဆင့်မီ တက္ကသိုလ်ဖွင့်လှစ်၍ ကြည်း၊ ရေ၊ လေ ရဲ့ အရာရှိများ မွေးထုတ်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်းနဲ့ စပ်လျဉ်းလို့ ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။ ပြည်ထဲရေးဝန်ကြီးဌာနရဲ့ မူဝါဒ၊ ရည်မှန်းချက်နဲ့ လုပ်ငန်းစဉ်များကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ဖို့အတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့က ပြည်တွင်းလုံခြုံရေးနဲ့ ရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေ စိုးမိုးရေး၊ မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးနဲ့ ပြည်သူ့အကျိုးပြု ဆောင်ရွက်ရေးဆိုတဲ့

ရည်မှန်းချက်တာဝန်များကို ချမှတ်ဆောင်ရွက်လျက်ရှိပါတယ်။ ဒီ ရည်မှန်းချက်တာဝန်များကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ဖို့နဲ့ မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲ့ အဓိကတာဝန်ကြီး(၂)ရပ်ဖြစ်တဲ့ လုံခြုံရေးနဲ့ တရားဥပဒေစိုးမိုးရေးကို ဟန်ချက်ညီစွာ ဆောင်ရွက်နိုင်ရန် မြန်မာနိုင်ငံရဲတပ်ဖွဲ့ကို ပြုပြင်ပြောင်းလဲမှုများ လုပ်ဆောင်ခဲ့ရာမှာ အုပ်ချုပ်မှုပိုင်းဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများဖြစ်တဲ့ တပ်ဖွဲ့များ တိုးချဲ့ဖွဲ့စည်းခြင်း၊ ပြင်ဆင်ဖွဲ့စည်းခြင်းနဲ့ အသစ်ဖွဲ့စည်းခြင်းတို့အပြင် အချို့ကို ဖျက်သိမ်းခြင်းများ ပြုလုပ်လျက်ရှိပါတယ်။

မြန်မာနိုင်ငံရဲတပ်ဖွဲ့မှာ နေပြည်တော်၊ တိုင်းဒေသကြီးပြည်နယ်၊ ခရိုင်နဲ့ မြို့နယ်ရဲတပ်ဖွဲ့မျူးရုံးများ၊ မြို့မရဲစခန်း၊ နယ်မြေရဲစခန်းနဲ့ ရဲကင်းစခန်းများ၊ သတင်း ရဲတပ်ဖွဲ့၊ မှုခင်းရဲတပ်ဖွဲ့၊ ရထားရဲတပ်ဖွဲ့၊ စည်ပင်သာယာရဲတပ်ဖွဲ့နဲ့ ရဲတပ်ရင်းများ ပြင်ဆင်တိုးချဲ့ဖွဲ့စည်းခဲ့တဲ့အပြင် မူးယစ်ဆေးဝါးတားဆီး နှိမ်နင်းရေး ရဲတပ်ဖွဲ့၊ ယာဉ်ထိန်းရဲတပ်ဖွဲ့၊ ရေကြောင်းရဲတပ်ဖွဲ့၊ လေကြောင်းရဲတပ်ဖွဲ့၊ အမြန်လမ်းမကြီး ရဲတပ်ဖွဲ့၊ ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေး ရဲတပ်ဖွဲ့၊ လူကုန်ကူးမှု တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့၊ ကမ္ဘာလှည့် ခရီးသွားလုံခြုံရေးရဲတပ်ဖွဲ့၊ ရေနံမြေလုံခြုံရေးရဲတပ်ဖွဲ့နဲ့ သစ်တောလုံခြုံရေး ရဲတပ်ဖွဲ့တို့ကို အသစ်တိုးချဲ့ဖွဲ့စည်းခြင်း တို့ကို ဆောင်ရွက်ခဲ့ပါတယ်။

ဒါ့အပြင် ရခိုင်ပြည်နယ်နယ်ဒေသ စပ်လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနဲ့ တရားဥပဒေစိုးမိုးရေးမှာ တစ်ဖက်နိုင်ငံမှ တရားမဝင် ဝင်ရောက်လာမှုများကို ထိရောက်စွာ ကာကွယ်တားဆီးနိုင်ရန်အတွက် ဖွဲ့စည်းထားတဲ့ နယ်စပ်ဒေသ လူဝင်မှု စစ်ဆေးရေး ကွပ်ကဲမှုဌာနချုပ်ကို ၂၀၁၃ ခုနှစ်၊ ဇူလိုင်လ ၁၂ ရက်နေ့မှာ ဖျက်သိမ်းခဲ့တဲ့အတွက် ဒီတာဝန်များကို မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ တာဝန်ယူ ဆောင်ရွက်နိုင်ရန် ရခိုင်ပြည်နယ်မှာ ရဲတပ်ရင်းများ ကွပ်ကဲမှုအဖွဲ့ရုံး(၁)ရုံး၊ ရဲတပ်ရင်းစုကွပ်ကဲမှုရုံး(၂)ရုံးနဲ့ ရဲတပ်ရင်း(၅)ရင်းတို့ကို အသစ်ဖွင့်လှစ်ဆောင်ရွက်ခွင့်ပြုပါရန် ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြခဲ့ရာ ခွင့်ပြုမိန့်ရရှိခဲ့ပြီး ဖြစ်ပါတယ်။

အလားတူ မြန်မာနိုင်ငံက ခေတ်မီဖွံ့ဖြိုးတိုးတက်လာတာနဲ့အညီ နယ်နိမိတ်ချင်း ထိစပ်နေတဲ့ တစ်ဖက်နိုင်ငံများမှ ယခင်က လူဝင်လူထွက် ပိုမို များပြားလာပြီး ကုန်စည်စီးဆင်းမှု တိုးတက်လာခြင်းအပြင် တရားမဝင် လုပ်ငန်းတွေမှာလည်း ပိုမိုများပြားလာတဲ့အတွက်ကြောင့်မို့လို့ နယ်စပ်ဒေသများ တစ်လျှောက်မှာ တရားမဝင် လူဝင်လူထွက်များကို ဟန့်တားဆောင်ရွက်နိုင်ဖို့အတွက် မြန်မာနိုင်ငံရဲ့ နယ်ခြားဒေသများလုံခြုံရေး၊ ရပ်ရွာအေးချမ်းသာယာရေးနဲ့ တရားဥပဒေစိုးမိုးရေး လုပ်ငန်းများကို ထိရောက်စွာ အရေးယူဆောင်ရွက်နိုင်ရန်နဲ့ နိုင်ငံတော်ရဲ့ အမျိုးသားအကျိုးစီးပွားကို ထိခိုက်စေမယ့် အန္တရာယ်မှ ကြိုတင်ကာကွယ် စောင့်ရှောက်နိုင်ရန်အတွက် အခြားနိုင်ငံများနည်းတူ နယ်ခြားစောင့်ရဲတပ်ဖွဲ့ (Boder Guard Police- BGP) ကို ဖွဲ့စည်းဆောင်ရွက်နိုင်ရေး နိုင်ငံတော်သမ္မတရုံးကိုလည်း တင်ပြထားရှိပြီး ဖြစ်ပါတယ်။

အဲဒီလို ဆောင်ရွက်လျက်ရှိရာမှာ လုပ်ငန်းလိုအပ်ချက်၊ နယ်မြေလိုအပ်ချက်၊ ခေတ်မီဖွံ့ဖြိုးတိုးတက်လာတဲ့ အခြေအနေအရပ်ရပ်၊ နိုင်ငံတကာရဲတပ်ဖွဲ့များနဲ့ အရည်အသွေးစံချိန်မီစေရန်အတွက် နိုင်ငံ့လူဦးရေနဲ့ ရဲတပ်ဖွဲ့ဝင်အင်အား အချိုးအစားပေါ်မှာရှိသင့်တဲ့ ရဲတပ်ဖွဲ့ဝင်နဲ့ ပြည်သူအချိုးဟာ (၁း၄၀၀) ပြည့်မီအောင် ဆောင်ရွက်သင့်တဲ့ လေ့လာတွေ့ရှိချက်အရ မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲ့ ဖွဲ့စည်းပုံများကို ပြုပြင်ပြောင်းလဲခြင်းများ ဆောင်ရွက်ခဲ့ပါတယ်။ မြန်မာနိုင်ငံမှာ ရဲတပ်ဖွဲ့ဝင်နဲ့ ပြည်သူအချိုး (၁း၄၀၀)၊ တစ်နည်းအားဖြင့် လူဦးရေတစ်သိန်းလျှင် ရဲတပ်ဖွဲ့ဝင်(၂၅၀)ဦး ရှိရမှာဖြစ်လို့ လက်ရှိ လူဦးရေ

သန်း(၆၀)အတွက် ရဲတပ်ဖွဲ့ဝင် (၁၅၀၀၀၀)ဦးအထိ တိုးချဲ့ဖွဲ့စည်းနိုင်ရန် မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲ့ ဖွဲ့စည်းပုံများကို အသစ်ပြင်ဆင်တိုးချဲ့ဖွဲ့စည်းခြင်းများ ဆောင်ရွက်လျက်ရှိပါတယ်။

မြန်မာနိုင်ငံရဲတပ်ဖွဲ့မှာ ယခင်က စီမံရေးနဲ့ လေ့ကျင့်ရေးဌာနလို့ရှိပြီး၊ ရဲမှူးကြီးတစ်ဦးမှ ညွှန်ကြားရေးမှူး အဖြစ် ဆောင်ရွက်ခဲ့ပါတယ်။ ဒီဌာနရဲ့ ကြီးကြပ်ကွပ်ကဲမှုအောက်မှာ ဒုရဲအုပ်လောင်းများ လေ့ကျင့်ပေးတဲ့ ရဲဗဟိုလေ့ကျင့်ရေးကျောင်း၊ ရဲတပ်သားအသစ်များကို လေ့ကျင့်ပေးတဲ့ အမှတ်(၁) ရဲလေ့ကျင့်ရေးကျောင်းနဲ့ အမှတ်(၂) ရဲလေ့ကျင့်ရေးကျောင်းတို့သာ ရှိခဲ့ပါတယ်။ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှာ လေ့ကျင့်ရေးပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုရှိစေရန် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲလေ့ကျင့်ရေးဌာနကြီးကို ၂၀၁၃ ခုနှစ်၊ ဇွန်လ(၁၃)ရက်နေ့မှစ၍ ဖွဲ့စည်းခွင့် ရရှိခဲ့ပြီး ဒီ ဌာနကို ရဲမှူးချုပ်တစ်ဦးမှ ရဲလေ့ကျင့်ရေး အရာရှိချုပ်အဖြစ် တာဝန်ယူ ဆောင်ရွက် လျက်ရှိပါတယ်။ အဲဒီဌာနရဲ့ ကြီးကြပ်မှုအောက်မှာ (၁)ရဲ အရာရှိ လေ့ကျင့် ရေးကျောင်း၊ (၂) ရဲအရာရှိအတတ်သင်ကျောင်း၊ (၃) ရဲအကြပ်အတတ်သင်ကျောင်း နဲ့ အမှတ်(၁)ရဲလေ့ကျင့်ရေးကျောင်း၊ အမှတ်(၂)ရဲလေ့ကျင့်ရေးကျောင်း၊ အမှတ်(၃)ရဲလေ့ကျင့်ရေးကျောင်း ရှိပါတယ်။

ပြည်ထဲရေးဝန်ကြီးဌာနက မြန်မာနိုင်ငံရဲတပ်ဖွဲ့ကို ခေတ်မီဖွံ့ဖြိုးတိုးတက်လာတဲ့ နိုင်ငံတော်ရဲ့ အခြေအနေအရပ်ရပ်နဲ့အညီ ခေတ်မီသော ရဲတပ်ဖွဲ့ ဖြစ်လာစေရန်အတွက် ဘက်ပေါင်းစုံ၊ ကဏ္ဍပေါင်းစုံမှ ဆောင်ရွက်လျက်ရှိပါတယ်။ အဲဒီလို ဆောင်ရွက်ရာမှာ အသွင်သဏ္ဌာန်နဲ့ အနှစ်သာရပါ တိုးတက်ကောင်းမွန်လာစေဖို့အတွက် ရုပ်ပိုင်းဆိုင်ရာနဲ့ စိတ်ပိုင်းဆိုင်ရာကဏ္ဍများကိုပါ တိုးတက်စေရန် ပြင်ဆင်လျက်ရှိပါတယ်။

သို့ဖြစ်ပါ၍ နိုင်ငံရေးပြုပြင်ပြောင်းလဲမှု၊ စီးပွားရေးပြုပြင်ပြောင်းလဲမှုနဲ့ အုပ်ချုပ်ရေးပြုပြင်ပြောင်းလဲမှုများကဲ့သို့ တရားဥပဒေစိုးမိုးရေး ပြုပြင်ပြောင်းလဲမှု အစီအမံများကို ပြည်ထောင်စုအစိုးရရဲ့ လမ်းညွှန်ချက်နဲ့အညီ ပြည်ထဲရေးဝန်ကြီးဌာနက ဆောင်ရွက်လျက် ရှိပါတယ်။ နိုင်ငံတော်ရဲ့ ကာကွယ်ရေး တာဝန်ကို တပ်မတော်က တာဝန်ယူပြီး၊ ပြည်တွင်းလုံခြုံရေးကို ပြည်ထဲရေးဝန်ကြီးဌာနက တာဝန်ယူ ဆောင်ရွက်နေချိန်ဖြစ်တဲ့ ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်နေသော လက်ရှိအခြေအနေမှာ နိုင်ငံတကာ အဆင့်မီ (Police Academy) တက္ကသိုလ် ဖွင့်လှစ်ပြီး ကြည်း၊ ရေ၊ လေ ရဲအရာရှိများ မွေးထုတ်ပေးရန် အစီအစဉ် မရှိသေးပါကြောင်း ရှင်းလင်းဖြေကြားတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်က အတည်ပြုပြီးပေးပို့ထားသော စားသုံးသူ အကာအကွယ်ပေးရေး ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းကို အသိပေးတင်ပြခြင်း

အချိန်၊ ၁၀း၅၂။

ဥက္ကဋ္ဌ။ ။ အစီအစဉ်(၆) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်ထောင်စုလွှတ်တော်က အမျိုးသားလွှတ်တော်တွင် စတင်ဆွေးနွေးနိုင်ရန် ပေးပို့လာသော စားသုံးသူအကာအကွယ်ပေးရေး ဥပဒေကြမ်းကို ၂-၇-၂၀၁၃ ရက်နေ့တွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက အဆို တင်သွင်းပြီး ၁-၁၁-၂၀၁၃ ရက်နေ့တွင် ပြင်ဆင်ချက် ဖြင့် အတည်ပြုပြီး ပြည်သူ့လွှတ်တော်သို့ ပေးပို့ခဲ့ပါတယ်။

ယခု အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော စားသုံးသူအကာအကွယ်ပေးရေးဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာပါတယ်။ ပြည်သူ့လွှတ်တော်က ပေးပို့သော ပြင်ဆင်ချက်ကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော စားသုံးသူ အကာအကွယ်ပေးရေးဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းကို ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း

အချိန်၊ ၁၀း၅၃။

ဥက္ကဋ္ဌ။ ။ ပြည်သူ့လွှတ်တော်က ပေးပို့လာသော ပြင်ဆင်ချက်ကို ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက ဆွေးနွေးလိုသည့် အကြောင်းအရာ အကျဉ်းချုပ်ကို ဖော်ပြလက်မှတ်ရေးထိုးပြီး ၂၉-၁-၂၀၁၄ ရက်(ဗုဒ္ဓဟူးနေ့)ထက် နောက်မကျဘဲ အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင်ပါတယ်။

အချိန်၊ ၁၀း၅၅။

ဥက္ကဋ္ဌ။ ။ အစည်းအဝေးကို (၁၅)မိနစ် ခေတ္တနားပါ့မယ်။

အခမ်းအနားမှူး။ ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

အခမ်းအနားမှူး။ ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[အစည်းအဝေးကို (၁၀း၅၅) နာရီအချိန်တွင် ခေတ္တရပ်နားပြီး (၁၁း၁၀)နာရီအချိန်တွင် ပြန်လည်ကျင်းပပါသည်။]

အချိန်၊ ၁၁း၁၀။

အခမ်းအနားမှူး။ ။ ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်တော့မှာ ဖြစ်ပါတယ်ခင်ဗျား။

အခမ်းအနားမှူး။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

အခမ်းအနားမှူး။ ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော တိုင်းရင်းဆေးဝါး ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းနှင့် စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်ကို အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း

အချိန်၊ ၁၁း၁၅။

ဥက္ကဋ္ဌ။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော် က အတည်ပြုပြီး ပေးပို့ထားသော တိုင်းရင်းဆေးဝါးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး အမျိုးသားလွှတ်တော်သို့ ပြန်လည်ပေးပို့လာပါတယ်။

ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပြန်လည်ပေးပို့လာခြင်းကို အမျိုးသားလွှတ်တော်သို့ အသိပေးတင်ပြခဲ့ပြီး ဖြစ်ပါတယ်။ ပြည်သူ့ လွှတ်တော်၏ ပြင်ဆင်ချက်ကို ဆွေးနွေးလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များ ရှိပါ က အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခဲ့ပြီး ဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်ကို ဆွေးနွေးရန် အမည်စာရင်း တင်သွင်းထားတဲ့ လွှတ်တော်ကိုယ်စားလှယ် မရှိတဲ့အတွက် ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်ကို အတည်ပြုရန် လွှတ်တော်ရဲ့ သဘောထား ရယူပါမယ်။

ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ဖြည့်စွက်ချက် အပိုဒ် ၂ -

တိုင်းရင်းဆေးဝါးဥပဒေ ပုဒ်မ ၂၊ ပုဒ်မခွဲ(က) အား အောက်ပါအတိုင်း အစားထိုးရမည် -

၂။ (က) တိုင်းရင်းဆေးဝါး ဆိုသည်မှာ လူနှင့် တိရစ္ဆာန်တို့အတွက် ရောဂါရှာဖွေရန်၊ ကာကွယ်ရန်၊ ကုသရန်၊ ကျန်းမာရေး တိုးတက်စေရန် တိုင်းရင်းဆေးပညာကို အခြေခံ၍ ခန္ဓာကိုယ်အတွင်း သို့မဟုတ် ခန္ဓာကိုယ်ပေါ်တွင် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ အသုံးပြုရန် အနောက်တိုင်းဆေးများ မပါဝင်ဘဲ ပြည်တွင်းတွင် ဖော်စပ်သည့်ပစ္စည်းကို ဆိုသည် ဟု ပြင်ဆင်ဖြည့်စွက်ထားပါတယ်။

ဒီ ပြင်ဆင်ဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူမရှိတဲ့အတွက် အပိုဒ် ၂ ပြင်ဆင်ဖြည့်စွက်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၂(က)သည် ဤ ဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက် -

အပိုဒ် ၂(က)(ခ)(ဂ) ပြည်သူ့လွှတ်တော် က အပိုဒ် ၂(က)(ခ)(ဂ) ကို အပိုဒ် ၂(ခ)(ဂ)(ဃ) အဖြစ် ပြောင်းလဲအမှတ်စဉ်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူမရှိတဲ့အတွက် အပိုဒ် ၂ (က)(ခ)(ဂ) ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၂(ခ)(ဂ)(ဃ)သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော် ဆဋ္ဌမနေ့အစည်းအဝေးရပ်နားကြောင်းနှင့် သတ္တမနေ့အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

အချိန်၊ ၁၁း၁၈။

ဥက္ကဋ္ဌ။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ယခု အမျိုးသားလွှတ်တော် နဝမပုံမှန် အစည်းအဝေး ဆဋ္ဌမနေ့ကို ရပ်နားပါမယ်။ ပထမအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန် အစည်းအဝေး သတ္တမနေ့ကို ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ ၂၇ ရက် (တနလင်္ဂနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက် ကျင်းပမှာဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

အခမ်းအနားမှူး။ ။အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ပြန်လည် ထွက်ခွာပါပြီ ခင်ဗျား။

အခမ်းအနားမှူး။ ။အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[ပထမအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကို ၁၁း၂၀ နာရီ အချိန်တွင် ရပ်နားပါသည်။]